International Campaign to Ban Landmines

# မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာ ၂၀၀၇



## မြန်မာနိုင်ငံ

**မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့**သည် အပြည်ပြည်ဆိုင်ရာမြေမြှုပ်မိုင်းတားဆီး ရေးလှုံ့ဆော်မှု အဖွဲ့(ICBL) ၏လက်အောက်ခံဖြစ်သည်။ ကမ္ဘာမှာ မိုင်းကင်းစင်အောင်လုပ်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် ICBL ကို ၁၉၉၂ ခုနှစ်ကဖွဲ့စည်းသည်။ ၁၉၉၇ ခုနှစ် ငြိမ်းချမ်းရေးနိုင်ဗယ်ဆု ရှင် ICBL ကို နိုင်ငံ ၇၀ ကျော်မှ တသီးပုဂ္ဂလအဖွဲ့ ၁၃၀၀ ကျော် ဖြင့်ဖွဲ့စည်းထားသည်။

ICBL အနေဖြင့် ၁၉၉၇ခုနှစ် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖော်မှု အခြေအနေကို မှတ်တမ်းပြုစုသည်။ ထို့အပြင် မိုင်းပြဿနာဖြေရှင်းရေး အပြည်ပြည်ဆိုင်ရာလုပ်ဆောင်ချက်များကိုလည်း အကဲဖြတ်သည်။ လူသားခြင်းစာနာသည့် ဥပဒေနှင့် လက်နက်ဖျက်သိမ်းရေး စာချုပ်များကို ကမ္ဘာတဝှမ်းက တသီးပုဂ္ဂအဖွဲ့များ စနစ်တကျစုပေါင်းကာစောင့်ကြည့် အကဲဖြတ်နိုင်ခြင်းသည် ကမ္ဘာတွင် ပထမဦးဆုံးဖြစ်သည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ၁၅၆ နိုင်ငံက မိုင်းတားဆီးရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး သို့မဟုတ် အတည်ပြုပြီးဖြစ်သည်။ ထိုလက်နက်များဖျက်သိမ်းသင့်ကြောင်း ကမ္ဘာ့နိုင်ငံအများစုကြီးက လက်ခံထားကြသည်။ မြန်မာနိုင်ငံ ထိုအထဲတွင်မပါဝင်ပေ။ ၂၀၀၇ ခုနှစ်အထိ လက်နက်ကိုင်တပ်ဖွဲ့များ လူကိုပစ်မှတ်ထားသော မြေမြှုပ်မိုင်းကို ပုံမှန်အသုံးပြု နေသေးသည်။

မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာသည် နိုင်ငံ ၁၁၈နိုင်ငံအကြောင်း စုပေါင်းပါဝင်သော ၂၀၀၇ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ၏ အစိတ်အပိုင်းတခုဖြစ်သည်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် မိုင်းတားဆီးရေးစာချုပ် အကောင်အထည်ဖော်ရေးနှင့် စီမံရေးကိစ္စအတွက်တာဝန်ယူသော အဖွဲ့မဟုတ်ပေ။ လူကိုပစ်မှတ်ထားသောမိုင်းများ အသုံးမပြုအောင် သက်ဆိုင်ရာအစိုးရများ တာဝန်ယူတတ် ဖိအားပေးရန်အတွက် သာမန်ပြည်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့သာဖြစ်သည်။ မိုင်းစာချုပ်ကိုအတည်ပြုထားသော နိုင်ငံများအနေဖြင့် စာချုပ်ပြဋ္ဌာန်းချက်အတိုင်း လိုက်နာမှုရှိမရှိ စောင့်ကြည့်ခြင်း၊ မိုင်းကိစ္စနှင့် ပတ်သက်၍ အစိုးရများ ပွင့်လင်းမှုရှိမရှိနှင့်၊ စာချုပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၏ ပေါ်လစီများ ကို လေ့လာစောင့်ကြည့်ခြင်းများလုပ်သည်။

ကမ္ဘာမှာ မိုင်းကင်းစင်ရေးအတွက် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးကြခြင်းကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အားပေးသလို လိုအပ်သော အကူအညီများလည်းပေးသည်။ တကမ္ဘာလုံးအကျိုးကျေးဇူးအလို့ငှါ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က လေ့လာသိရှိသော သတင်းအချက်အလက်များကို စိတ်စေတနာကောင်းဖြင့် ဖြန့်ဝေပေးသည်။ ဝေဖန်မှုများပါနိုင်သော်လည်း မှတ်တမ်းတင်ခြင်းနှင့် ဝေဖန်ပိုင်းခြားမှုလုပ်ရာတွင် အပြုသဘောဆောင်ပါသည်။

၂၀၀၇ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာအတွက် တာဝန်ရှိသောသုတေသနမှူးများမှာ Yeshua Moser-Puangsuwan နှင့် Alfredo Ferrariz Lubang တို့ဖြစ်သည်။ သတင်းအချက် အလက်များ ပေးအပ်ခဲ့သောအဖွဲ့အစည်းများနှင့် လူပဂ္ဂိုလ်များကို အထူးကျေးဇူးတင်ကြောင်း အစီရင်ခံစာက မှတ်တမ်းတင်အပ်ပါသည်။ ၁၉၉၉ ခုနှစ်မှစ၍ အစီရင်ခံစာများကို မြန်မာဘာသာ ပြန်ရေးကူညီခဲ့သူ ခင်မောင်ဝင်းကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံ (စာမျက်နှာ ၃၇ တွင်ရှု)

**Landmine Monitor Burma/Myanmar**
**burma@icbl.org | www.icbl.org/burma**

# မြန်မာနိုင်ငံ[၁]

| | |
|---|---|
| မြေမြှုပ်မိုင်းတားဆီးမှု သဘောတူညီချက် အခြေအနေ | အဖွဲ့ဝင်နိုင်ငံမဟုတ်သေး။ |
| သိုလှောင်သိမ်းဆည်းမှု | မသိရှိရ။ |
| မိုင်းကျန်ရှိနေမှု | လူကို ပစ်မှတ်ထားသော မိုင်းများ၊ အခြားမိုင်းများ (AVM ၊ ERW)။ |
| မိုင်းကျန်ရှိနေနိုင်သည့်ဒေသများ | အများအပြား။ |
| ၂၀၀၆ခုနှစ်အတွင်း မိုင်းများဖျက်ဆီးခဲ့မှု | မသိရှိ။ |
| MRE စွမ်းဆောင်နိုင်မှု | တိုးလာသော်လည်း မလုံမလောက်သေး။ |
| ၂၀၀၆ခုနှစ်အတွင်း မိုင်းနှင့် ERW ခေါ်ယခင်စစ်အတွင်း ကျန်ရှိခဲ့သော မိုင်းဒဏ်ခံစားခဲ့ရသူများ | စုစုပေါင်း ၂၄၃ ဦး (၂၀၀၅ ခုနှစ်တွင် ၂၃၁ ဦး)<br>မိုင်းကြောင့် ၂၃၂ ဦး (၂၀၀၅ ခုနှစ်က ၂၃၁ ဦး) အမျိုးအမည်မသိရသည့် ပေါက်ကွဲလက်နက်များကြောင့် ၁၁ ဦး (၂၀၀၅ ခုနှစ်တွင် တဦးမျှမရှိ) |
| ဒဏ်ရာရသူများနှင့် ပတ်သက်၍ စစ် | သေဆုံးသူ ၂၀ (အရပ်သား ၂ ဦး၊ က |

[၁] စစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများအနေနှင့် နိုင်ငံ၏အမည်ကို Burma ဟုသာခေါ်ဆိုသည်။ ဤအစီရင်ခံစာထဲတွင် နယက (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ပေါ်လစီများနှင့် လက် တွေ့ကျင့်သုံးမှုများအကြောင်းကို ရည်ညွှန်းသည့်အခါ မြန်မာကိုသုံးပြီး တိုင်း နှင့်ပြည်နယ်အမည်များကို သမရိုးကျအတိုင်း အသုံးပြုသွားမည်ဖြစ်ပါသည်။ နယက ပြောင်း လဲထားသည့်အမည်ကို ကွင်းစကွင်းပိတ်ထဲတွင်ဖေါ်ပြမည်။ ဥပမာ "ကရင်နီ (ကယား)" ပြည်နယ်။

| | |
|---|---|
| တမ်း ကောက်ယူမှု | လေး ၂ ဦး၊ စစ်မှုထမ်း ၆ ဦး၊ အမျိုးအမည်မသိရသူ ၁၀ ဦး) (၂၀၀၅ ခုနှစ်တွင် ၅ ဦး။)<br>ဒဏ်ရာရသူ ၂၂၃ ဦး (အရပ်သား ၄ ဦး၊ ကလေး ၂ ဦး၊ စစ်မှုထမ်း ၁၆ ဦး၊ အမျိုးအမည်မသိရသူ ၂၀၁ ဦး) (၂၀၀၅ ခုနှစ်တွင် ၂၂၅ ဦး။) |
| မိုင်းဒဏ်နှင့် ERW ခံစားခဲ့ရသူများ | ၁၀၆၀၅ ဦး (၂၀၀၅ ခုနှစ်တွင် ၈၈၆၄ ဦး) |
| ၂၀၀၆ ခုနှစ်အတွင်း ရရှိခဲ့သည့် ဝန်ဆောင်မှုများ | ဆုတ်ယုတ်လာ– လုံလောက်မှုမရှိ |
| ၂၀၀၆ ခုနှစ် မေလမှစ၍ အဓိက တိုးတက်မှုများ | စစ်အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း များသည် လူသားရှင်းမိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။ နိုင်ငံအရှေ့ပိုင်း ထိုင်း–မြန်မာနယ်စပ် တလျှောက် စစ်ဆင်ရေး ဒေသများတွင် မိုင်းအသုံးပြုမှုများ တိုး ပွားလာသည်။ မန္တလေးတိုင်း အတွင်း မိုင်းတွေ့ရှိကြောင်း ရွှေ့ပြောင်းအလုပ်သမားများ ပထမဆုံးအကြိမ် ထုတ်ဖေါ်ပြောဆိုသည်။ ၂၀၀၆ ခုနှစ်အတွင်း မိုင်းဒဏ်နှင့် ERW ခံစားခဲ့ရသူများ ပိုမိုးတိုးလာခဲ့သည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ နယ်ရုံး (၂)ရုံးလည်း အပိတ်ခံခဲ့ရသည်။ လေ့လာချက်များအရ ကရင်ပြည်နယ် မှ မိုင်းဒဏ်နှင့် ERW ခံစားခဲ့ရသူ ၄၆၄ ဦး ရှိကြောင်းသိရသည်။ |

## မြေမြှုပ်မိုင်းတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံတွင် အုပ်ချုပ်နေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးမှုကောင်စီ(နယက)သည် မြေမြှုပ်မိုင်း တားဆီးရေးစာချုပ်ကို လက်ခံထားသောနိုင်ငံ မဟုတ်ပါ။ မိုင်းပိတ်ပင်ရေးကို နိုင်ငံအားလုံး လက်ခံသဘောတူရေးအတွက် ၂၀၀၆ ဒီဇင်ဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ချမှတ်ခဲ့သောဆုံးဖြတ်ချက်အမှတ် ၆၁/၈၄ ကို လက်မှတ်မရေးထိုးသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ဆန္ဒမဲပေးသည်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ “မြန်မာနိုင်ငံဟာ မြေမြှုပ်မိုင်း တင်ပို့ရောင်းချမှုကို ပိတ်ပင်ထားတဲ့နိုင်ငံဖြစ်ပြီး တင်ပို့တာ၊ လွှဲပြောင်းတာနဲ့ လူသားရှင်းမိုင်းတွေ အသုံးပြုတာကို မူအားဖြင့်တားမြစ်ထားတဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ ကျနော်တို့ ကိုယ်စားလှယ်အဖွဲ့ အနေနနဲ့ လူသားတွေရဲ့ အသက်တွေဆုံးရှုံးသွားစေနိုင်တဲ့၊ ထိခိုက်ဒဏ်ရာရရှိစေနိုင်တဲ့ လူသားရှင်းမိုင်းဆန့်ကျင်ရေးကို ကျနော်တို့လက်ခံခဲ့၊ လုပ်ကိုင်ခဲ့ပါတယ်။ တချိန်ထဲမှာပဲ မြန်မာနိုင်ငံဟာ မိမိကိုယ်မိမိ ကာကွယ်ဖို့ အတွက်လုပ်ရမယ်လို့လဲ ယုံကြည်နေပါတယ် ……”[၂]

မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ဂျီနီဗာမြို့၌ ကျင်းပပြုလုပ်ခဲ့သော သတ္တမအကြိမ် မိုင်းဆန့်ကျင်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးသော အစည်းအဝေးကို လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။[၃] အစည်းအဝေးနှင့်ပတ်သက်၍ မည်သည့် ကြေညာချက်မျှ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ အဆိုပါအစည်းအဝေးမတိုင်မီ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ဘန်ကောက်၌ပြုလုပ်ခဲ့

[၂] မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ မဲပေးပုံအကြောင်း ရှင်းလင်းချက်များ "မြေမြှုပ်မိုင်းအသုံးပြုမှု၊ ထုတ်လုပ်မှု၊ သိုလှောင်သိမ်းဆည်းမှု၊ လွှဲပြောင်းပေးမှုနှင့် ၎င်းတို့ကို ဖျက်ဆီးဖြစ်ခြင်း" အဆိုပါမှတ်ချက်များသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ပထမအကြိမ် ကော်မတီ၏ အစည်းဝေးမှတ်တမ်း (A.C. 1/61/L.47) ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက် အရ။ အဆိုပါ မှတ်ချက်များသည် မြေမြှုပ်မိုင်းဆန့်ကျင်ရေး ပိတ်ပင်တားဆီးမှု ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရှင်းလင်းတင်ပြချက်။ အဆိုပါ ရှင်းလင်းချက်သည် ၁၉၉၉ ခုနှစ်ကတည်းက စတင်၍ ပထမဆုံးအကြိမ်ထုတ်ဖေါ်တင်ပြချက်ဖြစ်ပေသည်။

[၃] အစည်းအဝေးတက်ရောက်ခဲ့သူများမှာ ဂျီနီဗာဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဉာဏ်မောင်ရှိန်နှင့် အခြား (၃) ဦးတို့ တက်ရောက်ခဲ့ကြသည်။

သော မိုင်းဆန့်ကျင်ရေးနှင့်ပတ်သက်သော အစည်းအဝေးသို့ မြန်မာစစ်အစိုးရ အ နေဖြင့် တခါသာ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် လက်နက်ထိန်းချုပ်ရေးစာချုပ် ချုပ်ဆိုထားသော အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း၌ ကျင်းပပြုလုပ်ခဲ့သော လက်နက်ထိမ်းချုပ်ရေးအဖွဲ့ဝင်နိုင်ငံများစာချုပ် ပြင်ဆင်ချက်ဥပဒေအပိုင်း (၂) နှစ်ပတ်လည်ညီလာခံကို လေ့လာသူ အဖြစ်တက်ရောက်ခဲ့သည်။

ဤအစီရင်ခံစာ၏ အခန်းကဏ္ဍများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ရရှိရေးအတွက် မြို့တော်သစ်နေပြည်တော်ရှိ မြန်မာအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်း မရှိခဲ့ပေ။

၂၀၀၇ ခု ဇန်နဝါရီလအတွင်း မြန်မာ့အတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြေမြှုပ်မိုင်းတားဆီးဆန့်ကျင်ရေးကိစ္စသည် နိုင်ငံ၏ အမျိုးသားရေး အရေးပေါ်အခြေအနေတရပ်အဖြစ် လွှတ်တော်အစည်း အဝေးတွင် ထည့်သွင်းရန်လိုအပ်ကြောင်း အတည်ပြုပြောဆိုခဲ့သည်။[၆]

၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတကာမိုင်းဆန့်ကျင်ရေးကော်မတီမှ စတင်ခဲ့သည့် မြန်မာနိုင်ငံအတွင်း မိုင်းများအသုံးပြုနေမှုကိုတားဆီးသည့် လှုံ့ဆော်မှုတရပ်အနေဖြင့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်း လေ့လာစောင့် ကြည့်ရေး အစီရင်ခံစာကို မြန်မာဘာသာပြန်ဆိုပြီး စောင်ရေ ၁၆၀၀ ဖြန့်ဝေခဲ့သည်။

## ထုတ်လုပ်မှု၊ ရွှေ့ပြောင်းမှုနှင့် သိုလှောင်သိမ်းဆည်းမှု

နိုင်ငံပိုင်လုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေး ပစ္စည်းထုတ်သည့် စက်ရုံမှ လူကိုထိခိုက်စေသည့် မြေမြှုပ်မိုင်းများကို ထုတ်လုပ်နေခဲ့သည်။[၇] လွန်ခဲ့သည့် နှစ်အနည်းငယ်က မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာထဲတွင် မြန်မာစစ်တပ်သည် အမေရိကန်လုပ် အမ်–၁၄ ပုံစံ မိုင်းများကို ပိုမိုသုံးစွဲလာပြီး

---

[၆] ၂၀၀၇ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သော နိုင်ငံတကာမြေမြှုပ်မိုင်းဆန့်ကျင်ရေး အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးကော်မတီမှ ဦးဟံသာမြင့်တို့ တက်ရောက်ခဲ့ကြသည်။

[၇] မြန်မာနိုင်ငံသည် တရုတ်လုပ် အမျိုးအစား ၅၉ နှင့်ဆင်တူသော MM1 အဖျားတဖက်ချွန်ပေါက်ကွဲမိုင်း၊ တရုတ်လုပ် ဤပစန အမျိုးအစား ဖြာထွက်ပေါက်ကွဲမိုင်းနှင့် အမေရိကန်လုပ် US M-14 အမျိုးအစားနှင့်ဆင်တူ လက်နက်တမျိုးတို့ကို ထုတ်လုပ်နေခဲ့သည်။

ထိုမိုင်းများ၏ဇစ်မြစ်နှင့် ထုတ်လုပ်မှုအကြောင်းကိုတော့ မသိရှိကြောင်း ရေးသားခဲ့သည်။ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ လေ့လာချက်အရ အဆိုပါ လက်နက်ကို ပဲခူးတိုင်း၊ ညောင်ခြေထောက်ရှိ မြန်မာ့ကာကွယ်ရေးပစ္စည်းစက်ရုံမှ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။[၆] အလေးချိန် (၈)ဂရမ်နှင့်အထက် သတ္တုများထည့်ထားသော်လည်း အမျိုးအစားညံ့သောသတ္တုများဖြင့် မိုင်းထုတ်လုပ်သုံးစွဲမှုကို လက်နက်များဆိုင်ရာညီလာခံ၏ ပြင်ဆင်ချက်ဥပဒေ အမှတ် (၂) တွင် ခွင့်မပြုပေ။

မြန်မာနိုင်ငံ၏ လက်ရှိအာဏာပိုင်များသည် သိုလှောင်ထားသည့် လူသားရှင်းမိုင်းများ၏ အမျိုးအစားနှင့် အရေအတွက်ကို တရားဝင် သတင်းထုတ်ပြန်ခြင်းမရှိပေ။ ယခင်က ထုတ်ပြန်ခဲ့သည့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာအရ ပြည်တွင်းမြေမြှုပ်မိုင်းများအပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်နိုင်ငံနှင့် အမည်မဖော်ထုတ်လုပ်သည့်မိုင်းများကို ရယူသုံးစွဲခဲ့သည်။[၇] မြန်မာနိုင်ငံသည် လူကိုထိခိုက်စေနိုင်သည့်မိုင်းများကို တခြားနိုင်ငံသို့ တင်ပို့နေသည်ဟုကား မကြားသိရပေ။ သို့သော် မိုင်းတားဆီးပိတ်ပင်မှုနှင့်ပတ်သက်၍ တရားဝင်ထုတ်ပြန်ဖူးခြင်း မရှိပေ။

## အသုံးပြုမှု

မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များသည် ရှည်လျားလှသည့် ပြည်တွင်းစစ်ကာလ တလျှောက်လုံး မြေမြှုပ်မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေခဲ့သည်။ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်များအတွင်း ကရင်၊ ကရင်နီ (ကယား)၊ ရှမ်းပြည်နယ်များနှင့် တနင်္သာရီတိုင်းတို့တွင် မိုင်းများကို ဆက်လက် အသုံးပြုနေသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့ အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအ

---

[၆] ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ ဘန်ကောက်ပို့သတင်းစာထဲမှ ခိုင်လုံသော သတင်းရပ်ကွက်၏ အင်တာဗျူး။ လွန်ခဲ့သောနှစ်များအတိုင်း အမည်ကို မသိရှိရပေ။

[၇] Landmine Monitor Report 2004 ၏ စာမျက်နှာ ၉၃၈ တွင်ရှု။ မိုင်းများတွင် တရုတ်လုပ် ၅၈၊ ၅၉၊ ၆၉ နှင့် ၇၂ (က)၊ ဆိုဗီယက်လုပ် **POMZ-2** နှင့် POMZ-2M/ PMN/ US M-14, M-16A1, M-18; Indian/British LTM-73, LTM-76.

နေနှင့်ပတ်သက်သော အစီရင်ခံစာထဲတွင် မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေမှုနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ထည့်သွင်းဖော်ပြထားရာတွင် "အားလုံးကို စိတ်ခြောက်ခြားစေတာကတော့ တိုင်းရင်းသားဒေသတွေမှာ မမျှတတဲ့ စစ်ဆင်ရေးတွေ လုပ်နေတာကြောင့်ဘဲ။ ဒါကြောင့် သာမန်ပြည်သူတွေကို ထိခိုက်စေပါတယ်။ ပိုဆိုးတာက လူသားရှင်းမိုင်းတွေ အသုံးပြုခဲ့လို့ပါဘဲ။ အဲဒါတွေကြောင့် လူတွေသေဆုံးကြရတယ်။ ပြည်သူတွေကို ရပ်ရွာရင်းကနေ တခြားကို ထွက်ပြေးစေခဲ့တယ်။ ဒါတွေဟာ တိုင်းရင်းသားတွေကို သာမန်ပြည်သူတွေကနေ ခွဲထုတ်လိုက်တာမျိုးပါဘဲ။"[၇]

တိုက်ပွဲဖြစ်ပွားနေသည့်ဒေသများအတွင်း ရပ်ရွာစွန့်ပြေးရသူများအား ဆေးဝါးများနှင့် အခြားအကူအညီ များကိုပေးနေသည့် ခရစ်ယာန်ဘာ သာရေး အဖွဲ့တဖွဲ့ဖြစ်သော ဖရီးဘားမားရိန်ဂျား (FBR) အဖွဲ့၏ သတင်းပေးပို့ချက်များအရ မြန်မာစစ်တပ်မှ မိုင်းများချထားမှုကြောင့် ထိုသေသများနှင့် အနီးတဝိုက်တွင် ထိခိုက်မှုများရှိခဲ့သည်။ ယင်းအဖွဲ့၏သတင်းပေးပို့ချက်များအရ မြန်မာစစ်တပ်၏မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း သိရှိရသည်။

- ၂၀၀၆ ခုနှစ် မေလမှ နိုဝင်ဘာလအတွင်း မြန်မာစစ်တပ်၏ လက်နက်ကိုင်အဖွဲ့များအပေါ် ထိုးစစ်ဆင်မှုများကြောင့် ကရင်ပြည်နယ်ရှိ မွန်ဒေသတခုဖြစ်သော မလဒဝင်း ပြန်လည်နေရချထားရေးစန်းသို့ ရွာသား (၉၀၀) ပြောင်းရွှေ့လာခဲ့သည်။ မြန်မာစစ်တပ်မှ အဆိုပါဒေသတဝိုက်တွင် မြေမြှုပ်မိုင်းများချထားကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။[၈]
- ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် မြန်မာစစ်ကြောင်း ၄ ကြောင်းမှ ကရင်ပြည်နယ် စောသေဒါးဒေသတွင် မြေမြှုပ်မိုင်းများ ချထားခဲ့ပြီး ကရင်

---

[၇] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ "မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ပေါ်လို ဆာဂျီယို ပင်ဟဲရိုး၏ အစီရင်ခံစာ" A/HRC/4/14, ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့၊ စာပိုဒ် အမှတ် (၅၆) နှင့် (၇၈)။

[၈] ဖရီးဘားမားရိန်ဂျားအဖွဲ့၏ "မြန်မာနိုင်ငံအရှေ့ဖက်နှင့် ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကရင်လူမျိုးများကို မြန်မာစစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်မှုများ" ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရရှိခဲ့သည့် အီးမေး(လ်)။

လွတ်မြောက်ရေးတပ်မတော်မှ မြေမြှုပ်မိုင်း ၁၆ လုံးကို ဖယ်ရှားပစ်ခဲ့သည်။[၁၀]

- ကိုလာဝါလူးစခန်းရှိ မြန်မာစစ်တပ်၏ တပ်ရင်းများသည် နွားလေးခိုကျေးရွာတွင် မြေမြှုပ်မိုင်းများ ကိုချထားခြင်းကြောင့် ကျေးရွာသို့ပြန်လာသော ရွာသားများ မြေမြှုပ်မိုင်းဒဏ် ခံခဲ့ကြရသည်။[၁၁]
- ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်း မုန်းမြို့နယ်အတွင်းရှိ မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုကြောင့် မိသားစု (၆၀)သည် မြေမြှုပ်မိုင်းဒဏ်ကို ရှောင်တိမ်းနိုင်ရန်အတွက် အခြားဒေသများသို့ ပြောင်းရွှေ့နေခဲ့ကြရသည်။ မြန်မာစစ်တပ်၏ ရာချီချထားခဲ့သောမိုင်းများထဲမှ ရွာသားအချို့သည် မိုင်း(၁၁) လုံး (သေကေးလူကျေးရွာတွင် သုံးလုံး၊ နော်ထဒေသတွင် ရှစ်လုံး)ကို ရှာဖွေတွေ့ရှိခဲ့သည်။[၁၂]
- ၂၀၀၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ခြေလျင်တပ်ရင်း ၅၉၀ သည် တောင်ငူခရိုင် မုန်းဒေသအတွင်းရှိ တိုင်ပင်၊ မြတ်ရဲ၊ ဖိုးသောင်းစု၊ ခြေလုတ်တယ်၊ ဥချစ်ခင်၊ သစ်ချတ်ဇိုက်နှင့် ကျောင်းဘယားကျေးရွာများ၏ အရှေ့ပိုင်းတလျှောက်တွင် မိုင်းများချထားခဲ့မှုကြောင့် ကျေးရွာသားများ ၎င်းတို့၏လယ်မြေများကို အသုံးမပြုနိုင်ခဲ့ပေ။[၁၃]

---

[၁၀] "မြန်မာစစ်တပ်မှ လူသားရှင်းမိုင်းများကို ချထားခဲ့ခြင်း" ဖရီးဘားမားရိန်ဂျားအဖွဲ့၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့။

[၁၁] "ကရင်ပြည်နယ်အနောက်ပိုင်း ညောင်လေးပင်ခရိုင်ကို ထိုးနှက်မှုများ နောက်ဆုံးအခြေအနေ" ဖရီးဘားမားရိန်ဂျားအဖွဲ့၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ အီးမေး။

[၁၂] "မြန်မာစစ်တပ်သားများမှ ရွာတရွာကို မီးရှို့စဉ်က လူတယောက်အသက်ဆုံးရှုံးသွားခဲ့ ရသည်။" ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့၊ အဆိုပါ အချက်ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့ အီးမေး။

[၁၃] ဖရီးဘားမားရိန်ဂျာ "မြန်မာစစ်တပ်သည် မွန်ပြည်နယ်အတွင်း စစ်ဆင်မှုအသစ်ပြုလုပ်ရာတွင် ရွာသား ၃ ယောက်သတ်ဖြတ်ခြင်း၊ ရွာသား ၂၀၁ ယောက် နေရာပြောင်းရွှေ့ပစ်ခြင်း" များကျူးလွန်ခဲ့သည်။ မတ်လ ၂၁၊ ၂၀၀၇။ ၂၀၀၇ ခုနှစ် မတ်လ ၂၄ ရက်နေ့ အီးမေး။

- ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် နယကဏ် တပ်ရင်းများက ကရင်ပြည်နယ် မော်ချီးသွားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆)အနီး မြေမြှုပ်မိုင်း ၁၅ လုံးကို ချထားခဲ့သည်။[၁၄]
- ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ခြေလျင်တပ်ရင်း ၅၆၈ သည် စောဝါဒါးကျေးရွာတဝိုက်တွင် လူသားရှင်းမိုင်းများကို ချထားခဲ့သည်။ ဇူလိုင်လ ၇ ရက်နေ့တွင် ရွာသားများအိမ်အနီး မိုင်း ၂ လုံးကိုတွေ့ရှိခဲ့ပြီး တလုံးကို ရေချိုးဆိပ်အနီးတွင် တွေ့ရှိခဲ့သည်။[၁၅]

သံတောင်မြို့နယ်အတွင်း လှုပ်ရှားမှုများမလုပ်နိုင်စေရန် မြန်မာစစ်တပ်မှ ဒေးလိုးမြစ်တလျှောက်တွင် မြေမြှုပ်မိုင်းများကို ချထားခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် ဧပြီလအတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာထဲတွင် ဖေါ်ပြထားသည်။[၁၆] ၂၀၀၆ ခုနှစ် ဇွန်လတွင် ထုတ်ဝေဖြန့်ချိခဲ့သော အစီရင်ခံစာထဲတွင် မိုင်းများအသုံးပြုနေမှုကို ရေးသားတင်ပြခဲ့သည်။ ကရင်အမျိုးသား လွတ်လပ်မြောက်ရေးတပ်မတော်၏ ပြောဆိုချက်အရ သံတောင်မြို့နယ်အတွင်း ပဝဲရွာနှင့် ထီးဖူးခီးရွာအကြား၊ ထာရယ်ဖလိုးနှင့် ထီးဖူးခီး၊ ထီးသောခိုနှင့် ထီးဖူးခီး၊ ကတာခီးနှင့် ဒီးဒါခိုကျေးရွာများအကြားနှင့် ဒေးလိုမြစ်သို့သွားရာလမ်းပေါ်တွင် ခလရ အမှတ် (၆၆)မှ မြေမြှုပ်မိုင်းများကို ချထားခဲ့ကြောင်း သိရသည်။[၁၇] တောင်ငူခရိုင်အတွင်း မြေပြန့်နှင့် တောင်ပေါ်ဒေသအကြား ဒေသခံများ စီးပွားရေးများ မလုပ်နိုင်စေရန် မြန်မာစစ်တပ်မှ မိုင်းများချထားသည်ဟုလည်း ပြောဆိုကြပြီး တောင်ပေါ် ဒေသတလျှောက်သွားရာလမ်းများတွင်လည်း မိုင်းများ

---

[၁၄] "ကရင်ပြည်နယ်မြောက်ပိုင်းရှိ လက်ရှိဖြစ်ပေါ်နေမှုများ၏ နောက်ဆုံးအခြေအနေ" ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလ ၃ ရက်နေ့။ ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလ ၉ ရက်နေ့ အီးမေး။

[၁၅] "မြန်မာစစ်တပ်သည် ကရင်ပြည်နယ်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ဒေသတွင် တိုက်ခိုက်မှုအသစ်များပြုလုပ်ခဲ့ခြင်း" ဖရီးဘားမားရိန်ဂျား အဖွဲ့၊ ၂၀၀၇ ခုနှစ် ဖေဖေါ်ဝါရီလ ၁၉ ရက်။ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ အီးမေး။

[၁၆] "အမိန့်ပြန်တမ်း ထုတ်ပြန်မှုများ"၊ KHRG ၂၀၀၇ ခုနှစ်၊ ဧပြီလ၊ စာမျက်နှာ ၃၀၊ ၃၁။

[၁၇] "ရွှေ့ဆိုင်းပေးမှုမရှိခြင်း၊" ၂၀၀၆ ခု၊ ဇွန်လ ၁၃ ရက်၊ စာမျက်နှာ ၁၁။ ဤအချက် အ လက်သည် ကရင်အမျိုးသားအစည်းအရုံး ရေဒီယိုမှထုတ်လွှင့်သွားခဲ့သည့်မှတ်တမ်း၊ KHRG။

ချထားကြောင်း သတိပေးမှုများရှိခဲ့သည်ဟု ဆိုသည်။[၁၈] နယကဏ် တပ်ရင်းတပ်ဖွဲ့များသည် ရွာသားများထွက်ပြေးနေချိန်နှင့် ရွှေ့ပြောင်းနေထိုင်နေရချိန်များတွင် ကျေးရွာများ သို့ဝင်လာပြီး မြေမြှုပ်မိုင်းများချထားခဲ့မှုကြောင့် အဆိုပါဒေသများမှ ဒေသခံပြည်သူလူထုတို့သည် ၎င်းတို့၏နေရာဒေသများသို့ မပြန်ရဲတော့ကြောင်း ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အဆိုအရ သိရသည်။ ရွာသားများ၏ အိမ်လှေကားခြေရင်း၊ စိုက်ခင်း၊ စပါးကျီများနှင့် ကျောင်းများ၏အရှေ့ စသည့်နေရာမျိုးတွင် မိုင်းများချထားသည်ဟု ဆိုသည်။[၁၉]

ထိုင်း–မြန်မာနယ်စပ် အကူအညီပေးရေးအဖွဲ့ (TBBC) ၏ ၂၀၀၆ ခုနှစ် ဩဂုတ်လထုတ် အစီရင်ခံစာအရ တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့ အရှေ့ဘက်ဒေသရှိ စပါးခင်းများအနီးတွင် ပြည်သူများ မနေနိုင်ရန်အတွက် နယကဏ် ကင်းလှည့်တပ်များမှ လူသားရှင်းမိုင်းများကို ချထားခဲ့သည်။ ထိုလအတွင်းမှာပင် နယကဏ်တပ်ဖွဲ့များသည် ကရင်ပြည်နယ်၊ သံတောင်မြို့နယ်ရှိ လူသွားလမ်းများနှင့် လယ်ယာမြေများတွင် မိုင်းများချထားခဲ့ကြောင်း ထွက်ပြေးလာခဲ့သူတဦးမှ ပြောဆိုခဲ့သည်။[၂၀]

ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နေသည့် အဖွဲ့ အစည်းတခုမှ ဝန်ထမ်းတဦး၏အဆိုအရ နယကတပ်များသည် ၎င်းတို့စခန်းချရာနေရာတဝိုက်တွင်သာမဟုတ်ဘဲ ရှမ်းပြည်တပ်မတော်–တောင်ပိုင်း အခြေစိုက်ရာနေရာဒေသများတွင်လည်း မိုင်းများကိုချထားခဲ့ကြောင်း သိရသည်။[၂၁] ၂၀၀၆ ခုနှစ်မှစ၍ ရဲတပ်ဖွဲ့နှင့် အခြားဖွဲ့စည်းထားသော လုံခြုံရေးအဖွဲ့များကို ပြင်ဦးလွင်မြို့ရှိ စစ်အင်ဂျင်နီယာသင်တန်းကျောင်းသို့စေလွှတ်ပြီး မိုင်းနှင့် အခြားယမ်းပုံးမျိုးစုံနှင့်ပတ်သက်ပြီး သင်တန်းပို့ချခဲ့သည်။[၂၂]

---

[၁၈] အထက်တွင် ကိုးကားထားသည်ကိုရှု။ စာမျက်နှာ ၁၃။

[၁၉]။ အထက်တွင် ကိုးကားထားသည်ကိုရှုရန်။ စာမျက်နှာ ၁၂။

[၂၀] ထိုင်းမြန်မာ နယ်စပ် အကူအညီပေးရေးအဖွဲ့ ၏ "မြန်မာနိုင်ငံအရှေ့ဖက်မှ အဓမ္မနေရာပြောင်းရွှေ့မှုများ"၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ၊ စာမျက်နှာ ၃၆ မှ ၄၈။

[၂၁] ရှမ်းပြည်နယ်ထဲတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နေသည့် အဖွဲ့နှင့် အင်တာဗျူးပြုလုပ်ခြင်း။ ဇင်းမယ်မြို့၊ ထိုင်းနိုင်ငံ။ ၂၀၀၇ ခုနှစ် မတ်လ။

[၂၂] မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ကို အချက်အလက်မှန်များပေးခဲ့သူတဦးနှင့် ဘန်ကောက်မြို့၌ တွေ့ဆုံမေးမြန်းခြင်း။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့။

## အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအား ဆန့်ကျင်နေသော နိုင်ငံရေးအဖွဲ့အစည်းများစွာရှိသည်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရ ၁၉၉၉ ခုနှစ်ကတည်းက လူကိုထိခိုက်စေနိုင်သည့် မိုင်းများကို အသုံးပြုနေသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း(၁၇) ဖွဲ့ရှိနေခဲ့ပြီး အချို့အဖွဲ့များသည် မိုင်းများကို ဆက်လက်အသုံးမပြုတော့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်လူသားများကို ကာကွယ်သည့် သုတေသန ပြုလုပ်ခဲ့ချက်အရ တချို့အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ဝင်တချို့က မြေမြှုပ်မိုင်းများကြောင့် လူသားများ၏ အသက်အန္တရာယ်ကို ထိခိုက်ဆုံးရှုံးစေနိုင်သည်ဟုဆိုသော်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်ကို ကာကွယ်ပေးရန်အတွက် မြေမြှုပ်မိုင်းများကို ဆက်လက်အသုံးပြုနေရကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[၂၃]

လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (၄)ဖွဲ့သည် အစိုးရမဟုတ်သော ဂျီနီဗာကမ်းလှမ်းချက်အရ လူသားရှင်းမိုင်းအသုံးပြုမှု စွန့်လွှတ်လိုက်ကြရန် လက်မှတ်ရေးထိုးခဲ့ကြသည်။ လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)၊ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PPLF)၊ ပအို့ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO) တို့သည် ၂၀၀၇ ခုနှစ် ဧပြီလထဲတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။[၂၄] ချင်းအမျိုးသားတပ်ဦး (CNF) သည် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ချင်းအမျိုးသားတပ်ဦး၏ နိုင်ငံခြားရေးတာဝန်ခံ ဒေါက်တာ ရွှေခါးမှ "ပဋိပက္ခဖြစ်နေတဲ့ နှစ်ဖက်စလုံးရဲ့ ခေါင်းဆောင်တွေက စစ်ရေး၊ နိုင်ငံရေးကိစ္စတွေ စဉ်းစားတဲ့အခါ ယခုလက်ရှိရော နောင်အနာဂတ်မှာပါ မြေမြှုပ်မိုင်းက ဘယ်လိုအကျိုးအဆက်တွေ ဖြစ်လာမလဲဆိုတာကို အဓိကထားစဉ်းစားရမှာဖြစ်

---

[၂၃] ထိုင်း–မြန်မာနယ်စပ် အကူအညီပေးရေးအဖွဲ့၏ "မြန်မာနိုင်ငံအရှေ့ဖက်ပိုင်းမှ ပြည်တွင်းအခြေနေရာပြောင်းရွှေ့မှုများ"၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ။ စာမျက်နှာအမှတ် ၅၂။

[၂၄] ဂျီနီဗာအစည်းအဝေးတွင် "မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့သည် လူသားရှင်းမိုင်းများကို ပိတ်ပင်တားဆီးရန် ဆုံးဖြတ်ခဲ့ကြသည်" ၂၀၀၇ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်မှ။

တယ်” ဟုပြောဆိုခဲ့သည်။[၂၅] အဆိုပါ ၄ ဖွဲ့လုံးသည် အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (NDF) အဖွဲ့ဝင်များဖြစ်ပြီး နယကစစ်အုပ်စုကို လက်နက်ကိုင် ဆန့်ကျင်နေကြသည့် တပ်ပေါင်းစုလည်းဖြစ်သည်။ ဂျီနီဗာကမ်းလှမ်းချက်၏ စည်းရုံးလှုံ့ဆော်မှု ကို လက်ခံတုံ့ပြန်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)နှင့် မြန်မာနိုင်ငံဒီမိုကတစ်မဟာမိတ်(DAB) နှစ်ဖွဲ့စလုံးမှ ထုတ်ပြန်ချက်များထဲတွင် မိုင်းပေါက်ကွဲမှုနှင့် ထိုးနှက်တိုက်ခိုက်မှုများသည် မြန်မာအာဏာပိုင်များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အတူ မိုင်းအသုံးပြုမှုအခြေအနေကို အဆင့်သတ်မှတ်ပေးရန်နှင့် ဂျနီဗာကမ်းလှမ်းချက်နှင့် ပူးတွဲလုပ်ဆောင်ကြရန်လည်း အဖွဲ့ဝင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့သည်။ သို့ရာတွင် မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့၏အဖွဲ့ဝင်များကို မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ တားဆီးပိတ်ပင်ရန် မတောင်းဆိုခဲ့ကြပေ။[၂၆]

မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့က ချင်းအမျိုးသားတပ်ဦးအနေဖြင့် ၂၀၀၁ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ မိုင်းထုတ်လုပ် သုံးစွဲခဲ့သည်ဟု အတည်ပြုနိုင်ခဲ့သည်။ ပအို့ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကလည်း ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မိုင်းအသုံးပြုခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ စွပ်စွဲချက်နှင့်ပတ် သက်၍ ပအို့ပြည်သူ့လွတ်မြောက်ရေးအဖွဲ့မှ မိမိတို့အနေဖြင့် မိုင်းအသုံးပြုမှုမရှိကြောင်း ငြင်းဆိုခဲ့သည်။[၂၇]

---

[၂၅] ဂျီနီဗာကောလ် ၏“မြန်မာနိုင်ငံအတွင်း ချင်းအမျိုးသားများတပ်ဦး အခြေချထားရာ ဒေသများတွင် မြေမြှုပ်မိုင်းများ အသုံးပြုနေကြောင်း” ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည့် သတင်းကြေညာချက်မှ။

[၂၆] အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ “မြေမြှုပ်မိုင်းများအသုံးပြုခြင်းနှင့် ပတ်သက်၍ ကြေညာချက်” စာအမှတ် ၀၁/၂၀၀၇၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့။ ဂျီနီဗာကောလ်မှ “မြန်မာနိုင်ငံ ဒီမိုကရေစီ တပ်ပေါင်းစု၏ မြေမြှုပ်မိုင်းများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်” ၂၀၀၇ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ထုတ်ပြန်ချက်၊ အပြည့်အစုံကို www.genevacall.org တွင်ကြည့်ရန်။

[၂၇] ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေးအဖွဲ့က ပအို့ပြည်သူ့လွတ်မြောက်ရေးအဖွဲ့တပ်ဦးကို ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးနှင့် မှားယွင်းစွာဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေရှင်းခဲ့သည်။ ဂျီနီဗာကောလ်၏ သုတေသနနှင့် ပရိုဂရမ်အရာရှိ Anki Sjoeberg ၏ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ အီးမေး။

၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာထဲတွင် လားဟူ အမျိုးသားအဖွဲ့သည် မိုင်းအသုံးမပြုမှုပေါ်လစီကို ကြေငြာခဲ့ပြီး၊ အဖွဲ့ဝင်များကို မြေမြှုပ်မိုင်းများအသုံးပြုမှုနှင့်မိုင်းများအကြောင်း လေ့လာသင်ယူမှုများကိုမလုပ်ရန် ပြဋ္ဌာန်းခဲ့သည်။ ပလောင်ပြည် လွတ်မြောက်ရေးတပ်ဦး (PSLF)သည် ယခင်က မိုင်းအသုံးပြုမှု ရှိ၊ မရှိ မသိခဲ့ရပေ။

ထိုင်းနိုင်ငံ မိုင်းဆန့်ကျင်တားဆီးရေးလှုံ့ဆော်မှုအဖွဲ့ (TCBL)မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် နအဖနှင့် ကေအဲ(န်)ယူတပ်မဟာ(၇)တို့ တွေ့ဆုံဆွေးနွေးရာတွင် မြေမြှုပ်မိုင်းကိစ္စကိုပါထည့်သွင်း ဆွေးနွေးရန် တိုက်တွန်းခဲ့သည်။[၂၈] ၂၀၀၇ ခုနှစ် မတ်လထဲတွင် နိုင်ငံတကာ မိုင်းဆန့်ကျင်ရေးကော်မတီ (ICBL) မှလည်း မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှုရပ်တံ့သွားစေရေးအတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ချင်းအမျိုးသားတပ်ဦးတို့ကို နအဖနှင့် တွေ့ဆုံဆွေးနွေးရာတွင် မိုင်းကိစ္စကို ထည့်သွင်းဆွေးနွေးသွားရန် တိုက်တွန်းခဲ့သည်။

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

ယခင်က မြေမြှုပ်မိုင်းများ အသုံးပြုခြင်းမရှိခဲ့သော လက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့သည် မကြာသေးမီကစ၍ ဤအစီရင်ခံစာ ရေးသားနေသည့်ကာလအတွင်း မိုင်းများအသုံးပြုခဲ့သည်ဟု စွပ်စွဲပြောဆိုခံနေရသည်။ ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့တဖွဲ့၏အဆိုအရ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်သည် မိမိတို့နယ်မြေအတွင်းသို့ နယကတပ်နှင့် အခြားတပ်များ ဝင်ရောက်မလာနိုင်စေရေးအတွက် ကာကွယ်သည့်အနေဖြင့်

---

[၂၈] ထိုင်းနိုင်ငံအခြေစိုက် မိုင်းတားဆီးရေးလှုံ့ဆော်မှုအဖွဲ့မှ သဘောတူညီမှုများပါဝင်သည့် စေ့စပ်ညှိနှိုင်းမှုများလုပ်ရန်တောင်းဆိုလိုက်သည် "နှစ်ဖက်စလုံးက ဒွိဟဖြစ်စေနိုင်တာတွေကို မိုင်းကွင်းပေါ်မှာ ပေါ်လွင် ထင်ရှားတဲ့သင်္ကေတတွေကို ထင်ထင်ရှားရှားပြထားသင့်ပါတယ်။ နှစ်ဖက်စလုံးက မိုင်းအသုံးပြုမှုကို ရှောင်ရှားကြမယ်ဆိုရင်၊ မြေမြှုပ်မိုင်းချထား၊ ထောင်ထားမှုတွေကို ရပ်ထားမယ်ဆိုရင်ငြိမ်းချမ်းရေးရမှာ အသေအချာပါဘဲ။ နှစ်ဘက်စလုံးက ကုလသမဂ္ဂရဲ့ မိုင်းကိစ္စဌာနရဲ့ ကြီးကြပ်မှုအောက်ကနေ၊ ဒါမှမဟုတ် နိုင်ငံတကာ အေဂျင်စီတွေရဲ့ အကူအညီနဲ့ ပြည်တွင်း အခမ့်နေရာပြောင်းရွှေ့ခံကြရသူတွေကို ပြန်လာဖို့အတွက် ပံ့ပိုးကူညီပေးကြဖို့လိုပါတယ်" ။ www.icbl.org/news/tcbl_burma တွင်ကြည့်ရှုနိုင်ပါသည်။

လူသားရှင်းမိုင်းများ ချထားခဲ့သည်။[၂၉] ၁၉၈၉ ခုနှစ်နောက်ပိုင်း မြန်မာစစ်တပ်နှင့် ငြိမ်းချမ်းရေးယူထားပြီး အထူးစစ်ဒေသအဖြစ်သတ်မှတ်ထားသော တရုတ်နယ်စပ်နှင့် လောနယ်စပ်ဒေသတို့တွင် သဘာဝသယံဇာတများထွက်ရှိမှုကြောင့် နအဖစစ်အုပ်စုအတွက် အကျိုးအမြတ်များစွာ ရရှိခဲ့သည်။[၃၀]

တာချီလိတ်မြို့အနီးရှိ ထိုင်းမြန်မာနယ်စပ်တွင်ရှိသော ဒုက္ခသည်စခန်းတခုကို မွန်ထိုင်းအာမီ(MTA)၏ ကျန်ရှိနေသောတပ်တချို့မှ ထောက်ပံ့ကူညီနေကြောင်း သိရသည်။ အဆိုပါစခန်းပတ်ပတ်လည်တွင် မိုင်းများချထား ကြောင်း အကူအညီပေးရေးအဖွဲ့တခုမှဝန်ထမ်းတဦးက မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုခဲ့သည်။[၃၁] မွန်ထိုင်းအာမီသည် ၁၉၉၆ ခုနှစ်တွင် မြန်မာစစ် တပ်ထံ လက်နက်ချခဲ့ပြီး မိုင်း ၄၇၀၀ ကျော်ကို ဖျက်ဆီးခဲ့သည်။[၃၂]

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ကရင်နီတပ်မတော်၊ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ အဖွဲ့၊ ရှမ်းပြည်တပ်မတော်–တောင်ပိုင်း၊ “ဝ” ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် အစိုးရမဟုတ်သော အခြားလက်နက်ကိုင်အဖွဲ့များစွာတို့သည် လူသားရှင်းမိုင်းများကို ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ် အစောပိုင်းကာလများအထိ ဆက်လက် အသုံးပြုနေခဲ့သည်။

ပဋိပက္ခအခြေအနေကိုအကြောင်းပြုပြီး
ကရင်လွတ်မြောက်ရေးတပ်မတော် (KNLA) ကဲ့သို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ယခုအစီရင်ခံစာကာလအတွင်း မိုင်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်။ ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အ

---

[၂၉] ၂၀၀၇ ခုနှစ် မတ်လထဲတွင် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ရှမ်းပြည်နယ်အတွင်း အလုပ်လုပ်ကိုင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းထားခြင်း။

[၃၀] လားဟူအမျိုးသားတိုးတက်ရေးအဖွဲ့၏ “မြန်မာနိုင်ငံ မဲခေါင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို စောင့်ကြည့်လေ့လာခြင်း”၊ ၂၀၀၅ ခုနှစ် စာစောင်အမှတ် (၁) နှင့် ၂၀၀၆ ခုနှစ် စာစောင်အမှတ် (၂)။

[၃၁] ၂၀၀၇ ခုနှစ် မတ်လထဲတွင် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကူညီလုပ်ကိုင်ပေးခဲ့သူတဦးကို တွေ့ဆုံမေးမြန်းခဲ့ခြင်း။

[၃၂] မြန်မာနိုင်ငံမှ အကျင့်ပျက်ချစားမှု ထိန်းချုပ်ရေးဗဟိုကော်မတီ၏ “ခွန်ဆာ၏ မွန်ထိုင်းတပ်ဘာကြောင့် လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ခဲ့ရတာလဲ” ဆောင်းပါးကို www.myanmar-narcotic.net တွင်ဖတ်ရှုနိုင်ပေသည်။

ဆိုအရ တောင်ငူခရိုင်အတွင်း လက်နက်ကိုင်အဖွဲ့များမှ မိုင်းအသုံးပြုမှု ပိုမိုများပြားလာပြီး ထိခိုက်ဒဏ်ရာရရှိမှုများလာသည်။[၃၃]

၂၀၀၆ ခုနှစ်အတွင်း ဘူးကီးခီးကျေးရွာမှ ရွာသူရွာသားများ၏ ကွမ်းစိုက်ခင်းများ ပင်ခြေအနီးတဝိုက်တွင် ဒီမိုကရင်တစ်ကရင်ဗုဒ္ဓဘာသာအဖွဲ့မှ မြေမြှုပ်မိုင်းများ ချထားမှုကြောင့် ၎င်းတို့၏စိုက်ခင်းများကို စွန့်လွှတ်ခဲ့ရသည်။ အခြားစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ရပ်ဆိုင်းထားခဲ့ရသည်။ သထုံခရိုင်တဝိုက်ရှိ ကျေးရွာအပြင်ဘက်၊ လယ်ကွင်းများ၊ အိမ်များ၊ ဒူးရင်းခြံ၊ ကွမ်းခြံနှင့် လမ်းဘေးတလျှောက်တို့တွင်လည်း ကရင်ဒီမိုကရက်တစ် ဗုဒ္ဓဘာသာတပ်ဖွဲ့မှ မြေမြှုပ်မိုင်းများချထားခဲ့သည်။[၃၄]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင်အစီရင်ခံစာထဲတွင် ကရင်နီအမျိုးသားများတိုးတက်ရေး ပါတီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်နီတပ်မတော်သည် မိုင်းများကို အသုံးပြုခဲ့ကြောင်း ရေးသားတင်ပြခဲ့သည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် ကရင်နီအဖွဲ့၏ ကြေညာချက်ထဲတွင် "ကရင်နီအမျိုးသား တိုးတက်ရေးပါတီဟာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ဖို့အတွက်တော့ မိုင်းတွေကိုအသုံးပြုပါတယ်။ မြေမြှုပ်မိုင်းအသုံးပြုရမဲ့နေရာတွေကို သေသေချာချာသတ်မှတ်ထားပြီး ပြည်သူလူထု ထိခိုက်မှုရှိနိုင်မဲ့နေရာတွေကို ရှောင်ပါတယ်။ လမ်းတွေနဲ့ ပြည်သူအများအသုံးပြုတဲ့နေရာတွေမှာ မိုင်းအသုံးမပြုပါဘူး။ ကျတော်တို့ဟာ ခုခံကာကွယ်ဖို့သာ အသုံးပြုခဲ့ပြီး စစ်မဲ့ဇုံတွေမှာ လုံးဝအသုံးမပြုပါဘူး" ဟု မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ ဝန်ခံပြောဆိုခဲ့သည်။[၃၅]

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့တဖွဲ့၏ ပြောဆိုချက်အရ ရှမ်းပြည်တပ်မတော်–တောင်ပိုင်းအဖွဲ့သည် ရှမ်းပြည်နယ်အတွင်း နအဖတပ်များ ဝင်ရောက်ကျူးကျော်တိုက်ခိုက်နေမှုကို ကာကွယ်သည့် အ

---

[၃၃] ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း" ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့။

[၃၄] KHRG ၏ "သထုံခရိုင်အတွင်းမှ နအဖကိုယ်စားလှယ်များ၏ ဖိနှိပ်မှုများ၊ ရှေ့တန်းစစ်မြေပြင်မှ သတင်းပေးပို့ချက်" ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့၊ စာမျက်နှာ ၅။

[၃၅] ကရင်နီအမျိုးသားများတိုးတက်ရေးပါတီ၏ "မြေမြှုပ်မိုင်းအသုံးပြုမှုနှင့် ပတ်သက်သည့် ကြေညာချက်"၊ ကြေညာချက်အမှတ် ၀၂/၀၆ ၊ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့။ KNPP မှ နိုင်ငံခြားရေးဝန်ကြီး ဦးရယ်မှ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့သို့ ၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်နေ့ပေးပို့သည့် အီးမေး။

နေဖြင့် မြေမြှုပ်မိုင်းများကိုအသုံးပြုခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်တပ်မတော်– တောင်ပိုင်းသည် ကန့်သတ်မိုင်းများအသုံးပြုခဲ့ပြီး သစ်ပင်များတွင် မိုင်းများသုံး၍ ထောင်ချောက်ဆင်မှုများကိုလည်း ပြုလုပ်ခဲ့သည်။[၃၆]

၂၀၀၇ ခုနှစ် ဇန်နဝါရီလထဲတွင် ရှမ်းပြည်နယ်ဆိုင်ရာ မြန်မာစစ်တပ်မှ တပ်မှူးတဦးသည် သူ့၏တပ်များကို နယကစစ်တပ်နှင့် စေ့စပ်ဆွေးနွေးမှုမရှိသည့် လက်နက်ကိုင်ဒေသများအတွင်း စစ်ဆင်ရေးသွားသည့်အခါ မိုင်းအန္တရာယ်ကို ဂရုစိုက်ကြရန် သတိပေးပြောကြားခဲ့သည်။[၃၇]

အစိုးရပိုင်သတင်းနှင့် အခြားသတင်းဌာနများသည် မိုင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သည့်သတင်းများတွင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအား ထည့်သွင်းပြောဆိုလေ့ရှိသည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလထဲတွင် ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုတွင် လူလေးဦး ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ အစိုးရပိုင်သတင်းဌာနမှ လက်နက်ကိုင်အဖွဲ့များကို စွပ်စွဲပြောဆိုခဲ့သည်။ ထို့အပြင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သူပုန်အဖွဲ့များထောင်ထားခဲ့သည့် မိုင်းကြောင့် ကရင်ပြည်နယ်၊ မြဝတီမြို့မှလယ်သမားတဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စွပ်စွဲခဲ့သည်။[၃၈]

၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း မိုင်းပေါက်ကွဲမှုအများအပြားနှင့် ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ အစိုးရပိုင် သတင်းဌာနအဆိုအရ ပဲခူးတိုင်း၊ ပဲနွယ်ကုန်းဒေသအတွင်းရှိ လက်နက်ကိုင်သူပုန်များ ချထားခဲ့သောမိုင်းကြောင့် အမျိုးသမီးတဦး ခြေထောက်တဖက် ဆုံးရှုံးသွားခဲ့ရကြောင်းနှင့် ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်တွင်လည်း အစိုးရအမှုထမ်း ၂ ဦး အသက်သေဆုံးခဲ့ပြီး ၅ ဦးမှာ ဒဏ်ရာရရှိခဲ့သည်။[၃၉] ကရင်ပြည်နယ်အတွင်း တောတွင်းလက်နက်ကိုင်

---

[၃၆] ရှမ်းပြည်နယ်အတွင်း အလုပ်လုပ်ကိုင်နေသည့် ဖွံ့ဖြိုးတက်ရေးအဖွဲ့အစည်းတခုနှင့် တွေ့ဆုံမေးမြန်းခြင်း။ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့။ ၂၀၀၇ ခုနှစ် မတ်လ။

[၃၇] ဤအမိန့်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း မြောက်ပိုင်းတိုင်း လက်ထောက်ဗျူဟာမှူးက တပ်ရင်းတပ်ဖွဲ့များကို ပြောကြားခဲ့သည့် အမိန့်။

[၃၈] "မြန်မာနိုင်ငံတွင် မိုင်းပေါက်ကွဲမှုများကြောင့် လေးဦး ထိခိုက်ဒဏ်ရာရသွားခြင်း" ဆင်ဟွာ သတင်းဌာန၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့။ အစိုးရပိုင် မြန်မာသတင်းဌာန။

[၃၉] "မြန်မာပြည်သူ့ဝန်ထမ်းများ တိုက်ခိုက်ခံရမှုကြောင့် အသက်ဆုံးရှုံး" ဩစတေးလျ အသံလွှင့်ဌာန၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့။

အဖွဲ့များနှင့် တိုက်ပွဲဖြစ်နေစဉ်အတွင်း ခလရ (၅၆၅)မှ တပ်ကြပ်တဦး မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။ အခြားအရာရှိတဦး၊ အရပ်သားလေးဦးနှင့် ပေါ်တာတဦးတို့လည်း အဆိုပါပေါက်ကွဲမှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။[၆၀]

အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ၏ မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ အတိအကျမသိရှိ ရပေ။[၆၁] အချို့ လက်နက်ကိုင်အဖွဲ့များသည် ယခင်က စစ်တပ်တခုအနေဖြင့် မိုင်းများကိုအသုံးပြီး အချို့အဖွဲ့များမှာ ဓားပြ အဖြစ်သို့ ပြောင်းသွားကြသည်။[၆၂]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်သိမ်းဆည်းထားမှု

တရုတ်နိုင်ငံ၏အကူအညီများရရှိနေသည့် ယခင်က ဗမာပြည်ကွန်မြူနစ်ပါတီ ပိုင်ဆိုင်သည့် လက်နက်စက်ရုံကို ညီညွတ်သော "ဝ"ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်မှ မိုင်းများကို ဆက်လက်ထုတ်လုပ်နေသည်။ ၎င်းစက်ရုံမှ PMN အမျိုးအစားမိုင်းနှင့် အခြားပေါက်ကွဲပစ္စည်းနှစ်မျိုးကိုလည်း ထုတ်လုပ်နေသည်။ ၎င်းစက်ရုံသည် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် တည်ရှိသည်။[၆၃]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင် အစီရင်ခံစာအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာ

[၆၀] "ရှေ့တန်းဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် တပ်ကြပ်တဦးသေဆုံးခြင်း" နေရီဋ္ဌရာသတင်းဌာန၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့။

[၆၁] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့မှ ကရင်နီပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ကရင်နီအမျိုးသားများတပ်ပေါင်းစုတပ်ဦး၊ ကရင်ပြည်သစ်ပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးတို့သည် မိုင်းများအသုံးပြုခဲ့ကြောင်း စွပ်စွဲခဲ့သည်။ မည်သည့်အဖွဲ့အစည်းမျှ မိုင်းအသုံးပြုမှုကို ဤအစီရင်ခံစာရေးသားနေစဉ်အထိ စွန့်လွှတ်ခြင်း မရှိသေးပေ။

[၆၂] ဟံသာဝတီနိုင်ငံပြန်လည်တည်ဆောက်ရေးအဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဦးတို့နှင့် အခြားအဖွဲ့အစည်းငယ်တို့သည် မိုင်းအသုံးပြုခြင်းကို ရပ်တံ့ရန်ရှိကြောင်း သိရသည်။ မွန်ပြည်သစ်ပါတီသည်လည်း ယခင်ကမိုင်းအသုံးပြုခဲ့သော်လည်း သိုလှောင်ထားသည့်မိုင်းများကို မှုလျှော့ချပစ်နေကြောင်း သိရသည်။

[၆၃] ရှမ်းပြည်နယ်တွင် အခြေစိုက်ထားသည့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတခုနှင့် တွေ့ဆုံမေးမြန်းခဲ့ခြင်း။ ၂၀၀၇ ခုနှစ်၊ မတ်လ၊ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့။

တပ်မတော်နှင့် ကရင်နီတပ်မတော်တို့သည် ပေါက်ကွဲမိုင်းနှင့် ဖြာထွက်မိုင်းများကို ထုတ်လုပ်ခဲ့သည်။ တချို့လည်း ကလေမိုးအမျိုးအစားမိုင်း၊ မောင်းတံမဲ့မီးခိုးမိုင်းများနှင့် ယမ်းပုံးများကိုလည်း ထုတ်လုပ်နေကြသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များသည် မြန်မာစစ်တပ်မှ ချထားသောမိုင်းများကို ပြန်လည်တူး ဖော်ခြင်း၊ နယကတပ်၏လက်နက်များကိုသိမ်းဆည်းရမိခြင်းနှင့် မှောင်ခိုဈေးကွက်များဝယ်ယူခြင်းဖြင့် မိုင်းများကိုရရှိခဲ့သည်။[၄၄] အချို့အတိုက်အခံအဖွဲ့အစည်းများသည် နယကနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ထားသော်လည်း လူသားရှင်းမိုင်းများကို လက်ဝယ်သိမ်းဆည်းထားဆဲဖြစ်သည်။[၄၅]

လားဟူဒီမိုကရက်တစ်တပ်ဦးမှ ၎င်းတို့တွင် လူသားရှင်းမိုင်း ၃၀၀ မှ ၄၀၀ အထိ သိမ်းဆည်းထားကြောင်းနှင့် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးကလည်း သူတို့တွင် ၄၀ မှ ၅၀ အထိ သိမ်းဆည်းထားကြောင်း ဂျီနီဗာကမ်းလှမ်းချက် (ဂျီနီဗာကော) အဖွဲ့ကို ပြောကြားခဲ့သည်။[၄၆]

## မြေမြှုပ်မိုင်းနှင့် ယခင်ကျန်ရှိနေသည့်မိုင်းများ(ERW) ၏ပြဿနာ

မြန်မာနိုင်ငံရှိ မြေမြှုပ်မိုင်းများကို အထူးသဖြင့် ထိုင်း၊ ဘင်္ဂလားဒေ့(ရှ်)၊ အိန္ဒိယနယ်စပ်နှင့် နိုင်ငံ၏အရှေ့ဖက်ရှိ ဆယ်စုနှစ်များစွာမှ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုတိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတို့၏ ဒေသများတွင် အများအပြား အသုံးပြုထားသည်။ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ၁၀ ခု

---

[၄၄] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ် အစီရင်ခံစာကိုကြည့်ပါ။ စာမျက်နှာ ၈၃၉ နှင့် ၈၄၀ ကိုကြည့်ပါ။

[၄၅] လက်နက်ကိုင်အဖွဲ့ပေါင်း တဒါဇင်ခန့်သည် နအဖနှင့် နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲထားကြသည်။ သို့ရာတွင် "အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များ" ဟူသည့်စကားလုံးကို "လက်နက်ချအဖွဲ့အစည်း" ဟူသည့် စကားလုံးနှင့် ရောထွေးစွာ အသုံးပြုနေသည်။ ၎င်းတို့အားလုံးသည် လက်နက်များကို ဆက်လက်ထောက်ပံ့နေခြင်းနှင့် လူသားရှင်းမိုင်းများကို ဆက်လက်သိမ်းဆည်းသိုလှောင်ထားခြင်းများကို ဆက်လက်ပြုလုပ်နေသည်။

[၄၆] ဂျီနီဗာမြို့၌ကျင်းပခဲ့သော "ဂျီနီဗာကော" ၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အစည်းသို့တက်ရောက်ခဲ့သည့် လားဟူဒီမိုကရက်တစ်တပ်ဦး၏ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးအိုက်လုန်(ဂ်)ခမ်မွေး ၏ ကြေညာချက်။ ၂၀၀၇ ခုနှစ် ဧပြီလ ၁၆ ရက်နေ့နှင့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ရေးသားခဲ့သော ဂျီနီဗာတောင်းဆိုချက်အဖွဲ့မှလ Anki Sjoeberg ၏အီးမေး။

တွင် မိုင်းများ၊ အထူးသဖြင့် လူသားရှင်း မိုင်းများ၏အန္တရာယ်ကို ခံစားခဲ့ရသည်။[၅၇] အိန္ဒိယ၊ မြန်မာနှင့် ဘင်္ဂလားဒေ့(ရှ်) သုံးပွင့်ဆိုင်ဒေသတွင် လည်း မိုင်းများထူထပ်စွာချထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ERW ဟု ခေါ်သော ယခင်စစ်ပွဲများမှ ကျန်ရှိသော မိုင်းများ၏ အန္တရာယ်ကလည်းရှိနေသည်။

၂၀၀၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်းဆက်စပ်နေသည့် နိုင်ငံအရှေ့ပိုင်း တိုင်းရင်းသား ဒေသများဖြစ်သော အထူးသဖြင့် ကရင်၊ ကရင်နီ (ကယား)နှင့် ရှမ်းပြည်နယ်များကို မြန်မာစစ်တပ်များ ထိုးစစ်ဆင်ရာတွင် မိုင်းများကို ထပ်မံအသုံးပြုသောကြောင့် နိုင်ငံအတွင်း မိုင်းဒဏ်ကို အခံရဆုံးဒေသများ ဖြစ်နေသည်။[၅၈] စစ်တပ်နှင့် သူတို့၏မဟာမိတ်လက်နက်ကိုင်အဖွဲ့များ၏ မိုင်းအများအပြားချထားမှုသည် တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ ပြည်သူများအကြား စားနပ်ရိက္ခာနှင့် အဆက်အသွယ်ပြတ်တောက်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့များမှ ပြောဆိုခဲ့သည်။[၅၉] အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် အစိုးရတပ်၏ စစ်ဆင်မှုများ လျော့ကျသွားစေရန် မိုင်းများကို ချထားခဲ့ကြသည်။[၆၀]

အစိုးရတပ်များနှင့် ၎င်းတို့၏မဟာမိတ်တပ်များ ထိုးစစ်ဆင်နေစဉ် အတွင်း ပြည်သူများထွက်မပြေးနိုင်စေရန် ထိုင်းနယ်စပ်တလျှောက်တွင် မိုင်းများချ

---

[၅၇] ကရင်ပြည်နယ်၊ ကရင်နီ(ကယား)ပြည်နယ်၊ ရှမ်းပြည်နှင့် တနင်္သာရီတိုင်းတို့သည် မိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါးခံစားခဲ့သည့် ဒေသများဖြစ်သည်။ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ရခိုင်ပြည်နယ်တွင်လည်း ထူထပ်စွာချထားသည့်မိုင်းကွင်းများ ရှိနေကြောင်း သိရသည်။ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ တွင်လည်း မိုင်းချထားမှုများရှိနေကြောင်း သိရသည်။ အသေးစိတ်သိလိုပါက မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ယခင်အစီရင်ခံစာများတွင် ကြည့်ရန်။

[၅၈] ၂၀၀၆ခုနှစ်မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာ၊ စာမျက်နှာ ၈၆၁ တွင်ရှု။

[၅၉] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ "မြေမြှုပ်မိုင်းများကြောင့် ကိုယ်လက်အင်္ဂါချို့တဲ့မှုများ၊ တော်ပြတ်မှုများဖြစ်နေသည့် ပြည်သူလူထု" www.hrw.org ၏ ၂၀၀၇ ခုနှစ် မေလ။ ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း" ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့၊ စာမျက်နှာ ၁၁။

[၆၀] ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း" ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့၊ စာမျက်နှာ ၆။

ထားခဲ့သည်။[၅၁] မြန်မာဒုက္ခသည် (၂၀၀၀) ခန့်သည် မိုင်းများထူထပ်စွာ ချထားသည့်လမ်းမှ ခက်ခက်ခဲခဲကျော်ဖြတ်၍ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးရောက်ရှိလာခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[၅၂] စစ်ပွဲများ ဖြစ်နေသည့် နိုင်ငံအရှေ့ဖက်ပိုင်း ဒေသ(၈)ခုမှ အိမ်ထောင်စု(၂၀၀၀)ခန့်ကို စစ်တမ်းကောက်ယူချက်အရ စစ်ပွဲကြောင့် နေရာရွှေ့ပြောင်းနေသူများသည် ထိုဒေသများအတွင်း ဆက်လက်နေထိုင်နေသူများထက် မိုင်းအန္တရာယ်ကို လေးဆ ပိုခံစားခဲ့ရသည်။[၅၃]

၂၀၀၇တွင် ထိုင်းနိုင်ငံအတွင်းရောက်ရှိလာသော မြန်မာအလုပ်သမားများ၏ ပြောပြချက်အရ ရိုးမတောင်တန်းမြောက်ပိုင်းနှင့် မန္တလေးတိုင်း၊ ရေတာရှည်မြို့နယ်အတွင်း မိုင်းသတိပေးသင်္ကေတကို တွေ့မြင်ခဲ့ရသည်။ ထိုဒေသအတွင်း ပထမဆုံးအကြိမ် ဖော်ပြထားခြင်းဖြစ်သည်။[၅၄]

အချို့နယ်စပ်ဒေသများတွင် မိုင်းများကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်ပါ။ ကျောက်မျက်ရတနာ တူးဖော်ရေးမိုင်းတွင်းများနှင့် ကရင်ပြည်နယ်အတွင်းရှိ လောပိတရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ စီမံကိန်းများ လုပ်ရာဒေ

---

[၅၁] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ "မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်သို့ ထိုးစစ်ဆင်သည့်အခါ မြေမြှုပ်မိုင်းများကို အသုံးပြုခဲ့သည့်အတွက် အဆိုပါဒေသမှ ပြည်သူပြည်သားများသည် ပဋိပက္ခဖြစ်ပွားရာဒေသမှ ထွက်ပြေးခဲ့ခြင်း"၊ ၂၀၀၆ ခုနှစ် မေလ ၃ရက်နေ့တွင် ပြုလုပ်သော **Webpage** စာမျက်နှာ **www.hrw.org**။ ကရင်လူ့အခွင့်အရေး စောင့်ကြည့် ရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း" ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့၊ စာမျက်နှာ ၁၁။

[၅၂] ကုလသမဂ္ဂဆိုင်ရာ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ "မြန်မာနိုင်ငံမှ " ဒုက္ခသည် ၂၀၀၀ ခန့်သည် ပဋိပက္ခဖြစ်ပွားရာဒေသမှ ထိုင်းနိုင်ငံသို့ ထွက်ပြေးရန်ကြိုးစားလာခြင်း" ဘန်ကောက်၊ ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်နေ့။

[၅၃] နယ်လှည့်ကြောပိုးအိပ်ဆေးလုပ်သားများ၏ "နာတာရှည်ရောဂါ၏ အရေးပေါ်အခြေအနေ။ မြန်မာနိုင်ငံအရှေ့ပိုင်းမှ လူ့အခွင့်အရေးနှင့် ကျန်းမာရေးအခြေအနေ"၊ ထိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်။ အဆိုပါ စာရင်းများအရ မြန်မာနိုင်ငံ အရှေ့ဖက်ပိုင်းရှိ ကရင်ပြည်နယ်၊ ကရင်နီ (ကယား)နှင့် မွန်ပြည်နယ်များတွင် ဖြစ်ပွားလေ့ရှိသည့်အကြောင်း "အပူပိုင်းဒေသတွင်ဖြစ်လေ့ရှိသည့် ရောဂါများနှင့် အဆိုပါ ရောဂါများအတွက် ဆေးဝါးများ"၊ Vol. II, No. 7, July 2006, pp. 1119-1127.

[၅၄] **TACDB** ခေါ် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ထွန်းကားရေး ထိုင်းနိုင်ငံကော်မတီ၏ "၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများဆိုင်ရာ အစီရင်ခံစာ"၊ ၂၀၀၇ ခုနှစ် မတ်လ။

သအနီးတို့တွင်း မိုင်းများရှိနေသည်။[၅၅] ၂၀၀၇ ခုနှစ် ဇန်နဝါရီလထဲတွင် သံလွင်မြစ်ပေါ်တွင် “ဟတ်ကြီး” ရေကာတာတည်ဆောက်ရေးစီမံကိန်းမှ ဘူမိဗေဒပညာရှင်တဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်း ထိုင်းအစိုးရမှ ဆောက်လုပ်ရေးလုပ်သားများအတွက် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၇)ကို လမ်းများ လုံခြုံစိတ်ချမှုရှိရေးအတွက် တောင်းဆိုခဲ့ရာတွင် ကရင်အမျိုးသားအစည်းအရုံးမှ မြေမြှုပ်မိုင်းများနှင့်ပတ်သက်၍ တာဝန်ခံရန် မဖြစ်နိုင်ကြောင်းပြန်ခဲ့သည်။[၅၆]

ကုလသမဂ္ဂအဖွဲ့၏ အကူအညီပေးရေးအစီအစဉ်များသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အစောပိုင်းတွင် တိုး၍လုပ်ကိုင်လာခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကလောမြို့နှင့်အနီးတဝိုက်တွင်လည်းကောင်း၊ မုံးပန်မှ မိုင်းတုံအထိနှင့် လားရှိုးမြို့အရှေ့ဖက်တို့တွင် မိုင်းများကိုတွေ့ရှိရကြောင်း ကုလသမဂ္ဂအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်အလယ်ပိုင်းတို့ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လှုပ်ရှားရာ ဒေသများအထိ လမ်းများတိုးချဲ့ဖောက်လုပ်ပြီး လမ်းဘေးတလျှောက်တွင်လည်း ပြည်သူများမှ အစိုးရဆန့်ကျင်မှု လုပ်ငန်းများမလုပ်နိုင်အောင် မိုင်းများကို ချထားခဲ့ကြောင်း သိရသည်။[၅၇]

## မိုင်းများ၊ ယခင်ကျန်ရှိနေသော မိုင်းများ ERW ရှင်းလင်းရေး

---

[၅၅] ထိုင်းနိုင်ငံအခြေစိုက် သတင်းစာဆရာတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့။ မြေမြှုပ်မိုင်း စောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ။ စာမျက်နှာ ၈၆၁။

[၅၆] Kultidda Samabuddhi ၏ “ဘူမိဗေဒပညာရှင်တဦး၏ ခြေထောက်များဆုံးရှုံးခဲ့ရမှုနောက် ရေကာတာတည်ဆောက်မှုရပ်ဆိုင်းရန် တောင်းဆိုခြင်း” Bangkok Post သတင်းစာ၊ ၂၀၀၆ ခုနှစ် မေလ ၅ ရက်နေ့။

[၅၇] ၂၀၀၆ခုနှစ် မြေမြှုပ်မိုင်းအစီရင်ခံစာ၊ စာမျက်နှာ ၈၆၁ တွင်ရှု။ ၂၀၀၇ ခုနှစ် အစီရင်ခံစာထဲတွင် မွန်ပြည်နယ်တောင်ပိုင်းရှိ သံဖြူဇရပ်နှင့် ရေးမြို့အကြား၊ ပဲခူးတိုင်း အရှေ့ပိုင်းရှိ မုန်းမြစ်အနီးတွင် လမ်းဘေး မိုင်းများချထားခဲ့သည်ဟု ရေးသားထားသည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုအရ မိုင်းရှင်းလင်းရေးအစီအစဉ် လုံးဝမရှိသေးပေ။ တခါတရံကျမှ စစ်တပ်က မိုင်းရှင်းလင်းရေးများကို ပြုလုပ်ခဲ့ကြောင်း ယခင်နှစ်အစီရင်ခံစာများတွင် ဖော်ပြခဲ့သည်။[၅၈]

၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ဒုတိယကမ္ဘာစစ်အတွင်းက မပေါက်ကွဲပဲကျန်ရှိသည့် မိုင်းများကို သံရုံးအသစ်ဆောက်လုပ်သည့်နေရာ၌တွေ့ရှိသဖြင့် မြန်မာစစ်အစိုးရအား အကြောင်းကြားခဲ့ရာ မြန်မာစစ်တပ်မှ အဆိုပါနေရာသို့ ပေါက်ပြားတခုနှင့်အတူ စစ်သည်တဦးကိုသာစေလွှတ်ခဲ့ပြီး မည်သည့် အကူအညီကိုမှမပေးခဲ့ပေ။ သံရုံးဝန်ထမ်းများမှ တည်ဆောက်မည့်နေရာ လုံခြုံစိတ်ချမှုရှိစေရေးအတွက် စင်ကာပူနိုင်ငံရှိ စစ်ပစ္စည်းကုမ္ပဏီမှ ဝန်ထမ်းတဦးကို ငှားရမ်း၍ ရှာဖွေရှင်းလင်းခဲ့ရသည်။[၅၉]

## *လူမဆန်သော မိုင်းရှင်းနည်း*

နိုင်ငံတကာအလုပ်သမားများအဖွဲ့ချုပ်မှ မြန်မာစစ်အစိုးရသည် ပြည်သူများကို ပေါ်တာများအဖြစ် အတင်းအဓမ္မခေါ်ယူခဲ့ပြီး မိုင်းရှင်းလင်းရာတွင် အသုံးပြုခဲ့သဖြင့် ကိုယ်လက်အင်္ဂါ ချွတ်ယွင်းသူများနှင့် သေဆုံးမှုများရှိနေမှု အပေါ် အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုနေခဲ့သည်။[၆၀] ကရင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရ ၂၀၀၆ ခုနှစ်အတွင်း မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းရေးကာလများတွင်း အကျဉ်းသားများအား ခေါ်ယူခဲ့ပြီး မိုင်းရှင်းလင်းရာတွင် အသုံးပြုခဲ့သည်။[၆၁] ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ခမရ ၆၆ သည် က

---

[၅၈] အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အချို့နှင့် မြန်မာတပ်မတော်တို့၏ စစ်ရေးလှုပ်ရှားမှုတစိတ်တဒေသကို တင်ပြခဲ့သည်။ တခါတရံ အချို့လက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်အစိုးရချထားသည့်မိုင်းများကို တူးဖော်ခဲ့ပြီး အဆိုပါ မိုင်းများကို ပြန်လည် အသုံးပြုကြသည်။

[၅၉] ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ကာကွယ်ရေးစစ်သံမှူး ဗိုလ်မှူးကြီး ဒယ်နီယယ်အဲ(န်)တာရ်တာနှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့က တွေ့ဆုံမေးမြန်း ခဲ့ခြင်း။

[၆၀] အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ချုပ်၏ "နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ နိုင်ငံတကာအစိုးရအချင်းချင်း၏ အကြံပြုချက်။ အဓမ္မအလုပ်ခိုင်းစေမှု အပေါ် လေ့လာသုတေသနပြုလုပ်ချက်"၊ မြန်မာ ၂၀၀၇ ခုနှစ် မတ်လ၊ အစည်းအဝေး အပိုင်း (၂) တွင်ရှု။ ထို့အတူ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် အစီရင်ခံစာ။ စာမျက်နှာ ၈၆၂ တွင်ရှု။

[၆၁] ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း"၊ ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့။ စာမျက်နှာ ၁၄ နှင့် ၁၉ တွင်ရှု။

ရင်ပြည်နယ်အတွင်းရှိရွာ ၁၃ ရွာမှ ရွာသား ၂၇၄ ဦးကို ပေါ်တာအဖြစ်ခေါ်ယူပြီး ကလဲလာရွာနှင့် ဘူးဆာခီး တလျှောက်ရှိ တောများခုတ်ပြီး မိုင်းများရှင်းခိုင်းခဲ့သည်။[၆၂] ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သည့် ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏အဆိုအရ မြန်မာစစ်အုပ်စုနှင့် ငြိမ်းချမ်းရေးယူထားသည့် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော်သည် စစ်ကြောင်းအရှေ့တွင် ရွာသားများကိုသွားစေ၍ မိုင်းရှာဖွေခဲ့သည်။[၆၃] အဆိုပါ ထုတ်ပြန်ကြေငြာချက်ထဲတွင် ၂၀၀၆ခုနှစ်အတွင်း ကရင်ပြည်နယ်၏ အခြားဒေသများတွင်လည်း လမ်းဖောက်လုပ်ရေး ဝန်ထမ်းများအတွက် မိုင်းရှင်းလင်းရာတွင် ရွာသားများကို အသုံးပြုခဲ့သည်။[၆၄]

၂၀၀၆ ခုနှစ် မေလနှင့် ဇွန်လအတွင်း စစ်တပ်သည် ရွာပေါင်း ၁၂ ရွာမှ ရွာသား(၈၅၀) ဦးကို တောင်ငူနှင့် မော်ချီးလမ်းတလျှောက် လူသားမိုင်းရှင်းကရိယာများအဖြစ် အသုံးပြုခဲ့သည်။[၆၅] ဇူလိုင်လထဲတွင် အစိုးရ၏ စစ်ဆင်ရေးကွပ်ကဲမှု အမှတ်(၁၆)မှ ကရင်ပြည်နယ်၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ မူထေးကျေးရွာမှ ရွာသားများကို နယ်မြေရှင်းလင်းရေးအဖြစ် လမ်းများတွင်မိုင်းများ ရှာဖွေခိုင်းခဲ့သည်။[၆၆]

၂၀၀၆ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်မှ ပေါ်တာအဖြစ်ခိုင်းစေခံခဲ့ရသူတဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ပေါ်တာများသည် မြန်မာစစ်တပ်၏ တပ်မှူး၊

---

[၆၂] ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ "ကျည်ဆံနှင့် မြေတူးစက်များ၊ ရှေ့တန်း စစ်မြေပြင်မှ အစီရင်ခံစာ"၊ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့။ စာမျက်နှာအမှတ် ၈ တွင်ရှု။

[၆၃] ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ "သထုံခရိုင်အတွင်းမှ နယကကိုယ်စားလှယ်များ၏ ဖိနှိပ်မှုများ၊ ရှေ့တန်းစစ်မြေပြင်မှ သတင်းပေးပို့ချက်"၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့။ စာမျက်နှာ ၅ တွင်ရှု။

[၆၄] FBR အဖွဲ့၏ "မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း"၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့။

[၆၅] FBR အဖွဲ့၏ "လူသားကို မိုင်းရှင်းလင်းစေခြင်းကြောင့် ကလေးငယ်တဦး ကိုယ်အင်္ဂါချွတ်ယွင်းသွားခြင်းနှင့် အမျိုးသမီးကလေးနှစ်ဦး သေဆုံးသွားခြင်း"၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့။ FBR အဖွဲ့၏ "မြန်မာစစ်တပ်မှ မြန်မာနိုင်ငံအရှေ့ဖက်ပိုင်းနှင့် ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကရင်လူမျိုးများကို တိုက်ခိုက်ခြင်း" ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့။

[၆၆] FBR အဖွဲ့၏ "မြန်မာစစ်တပ်သည် ကရင်ပြည်နယ် တောင်ငူခရိုင်၊ ညောင်လေးပင်မြို့နယ်အတွင်း ထိုးစစ်ဆင်ခဲ့ခြင်း"၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့။

တပ်သားများ အိပ်ရာနေရာများတွင် မိုင်းရှိမရှိ စစ်ဆေးပေးရသည့်အတွက် ပေါ်တာတဦး မိုင်းထိမှန်ပြီး ခြေတဖက် ဆုံးရှုံးခဲ့ရကြောင်း ပြောဆိုခဲ့သည်။[၆၇]

## မိုင်းအန္တရာယ်များ နည်းပါးအောင်လုပ်ခြင်း

မြန်မာနိုင်ငံတွင် မိုင်းချထားရာ နေရာများကို အမှတ်အသားပြုလုပ်ထားခြင်းမရှိပေ။ တွေ့ရှိသူများ ပြောပြချက်အရ မြန်မာစစ်တပ်သည် စစ်တပ်များ နေရာတဝိုက်နှင့် မိုင်းရှိရာအနီးတဝိုက်တို့တွင် ဝါးခြံစည်းရိုးကာရံထားပြီး ဆေးဖြူသုတ်ခြင်းဖြင့် အမှတ်အသားပြုလုပ်ထားသည်။ အခြားမိုင်းစစ်ဆင်ရေးများကို တံတားကြီးများနှင့် နီးကပ်သည့်နေရာများတွင် ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။ အချို့နေရာဒေသများတွင် စစ်တပ်၏တပ်ရင်းတပ်ဖွဲ့များသည် မိုင်းများချထားရာနေရာများနှင့် နီးသောဒေသများတွင် နှုတ်ဖြင့်(သို့)စာဖြင့်သာ မိုင်းများရှိကြောင်း သတိပေးထားကြသည်။ လက်နက်ကိုင်အဖွဲ့ အများစုသည်လည်း မိုင်းအန္တရာယ်ရှိကြောင်းကို နှုတ်ဖြင့် သတိပေးပြောဆိုလေ့ရှိကြသည်။[၆၈]

၂၀၀၆ ခုနှစ်တွင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအကြား စစ်တမ်းကောက်ယူချက်အရ မေးမြန်းခွင့်ရသူအားလုံး၏ ၁၁ ရာခိုင်နှုန်းသည် မိုင်းအန္တရာယ်သင်္ကေတများကို နိုင်ငံအတွင်း တွေ့ခဲ့ကြရသည်။ သူတို့သည် နိုင်ငံအတွင်းရှိဒေသအသီးသီးမှ လာရောက်ကြသူများဖြစ်သည်။ သူတို့အားလုံး၏ ၄၀ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းများအကြောင်း မြန်မာနိုင်ငံအတွင်းမှာကတည်းက သိနေကြပြီး ၃၅ ရာခိုင်နှုန်းသည် မိုင်းပြဿနာများကို တခြားသူများမှတဆင့် ကြားဖူးထားကြသည်။ ၁၈ ရာခိုင်နှုန်းမှာမူ စာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ မိုင်းဒဏ်ခံစားခဲ့ရသူတို့၏ ပြောပြချက်များမှတဆင့် သိရှိခဲ့ခြင်းသည်။ ၂၅ ရာခိုင်နှုန်းခန့်သည် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာခိုက်တွင် အန္တရာယ်ရှိကြောင်းပြထားသည့် ဆိုင်းဘုတ်များကိုမြင်၍သိရှိခဲ့ရပြီး ၂၅ ရာခိုင်

[၆၇] ကရင်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ "ရပ်ဆိုင်းမှုမရှိခြင်း"၊ ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့။ စာမျက်နှာ အမှတ် ၁၆ တွင်ရှု။

[၆၈] မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၆ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၈၆၃ တွင်ရှု။ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၄ ခုနှစ် အစီရင်ခံစာ စာမျက်နှာ ၉၄၁ တွင်ရှု။

နှုန်းမှာမူ ၎င်းတို့နေထိုင်ရာဒေသအတွင်း မိုင်းဝေဒနာရှင်များမှတဆင့် သိရှိခဲ့ကြသည်။[၆၉]

မိုင်းအန္တရာယ် ပညာပေးအဖွဲ့(MRE)၏ လှုပ်ရှားမှုများသည် ယခင်နှစ်များနှင့်စာလျှင် ၂၀၀၆ ခုနှစ်တွင် ပိုမိုများပြားလာခဲ့သော်လည်း အသေးစိတ် အချက်အလက်နှင့် ဖြစ်ရပ်များကို အပြည့်အစုံဖော်ပြနိုင်ခြင်းမရှိပေ။ ၂၀၀၆ ခုနှစ်တွင် ပြည်တွင်းနေရာပြောင်းရွှေ့ခံရသည့် ကရင်လူမျိုးများကော်မတီ **(CIDKP)**၊ ကရင်ကျန်းမာရေးနှင့် လူမှုရေးဌာန **(KDHW)**နှင့် မိုင်းအန္တရာယ်ပညာပေးအဖွဲ့တို့သည် မိုင်းအန္တရာယ်ရှိသည့်ဒေသများအတွင်း စစ်တမ်းကောက်ယူမှုများစတင်ခဲ့ပြီး မိုင်းအန္တရာယ်ပညာပေးခြင်း၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထိန်းချုပ်ရာဒေသတွင်းရှိ မိုင်းဝေဒနာရှင်များအား သုတေသနပြုလုပ်ခြင်းများကို ဒိန်းမတ်ခရစ်ယာန် ဘုရားကျောင်းများအသင်း **(DanChurchAid)**မှ နည်းပညာဆိုင်ရာအကူအညီများဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဤအစီအစဉ်သည် နောက်ပိုင်းကာလ မိုင်းအန္တရာယ်ကာကွယ်ပေးရေး လှုပ်ရှားမှုအစီအစဉ်များအတွက် အချက်အလက်များ စုဆောင်းရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အန္တရာယ်ရှိသည့်နေရာအဖြစ် ဒေသ (၈၁)ခုကို သတ်မှတ်ခဲ့ပြီး အများစုမှာ မိုင်းကြောင့်ဖြစ်သည်။ အဆိုပါဒေသများမှ မိုင်းကြောင့် အတိဒုက္ခရောက်ကြရသူ (၄၆၄) ဦးရှိကြောင်းသိရပြီး မိုင်းအန္တရာယ်ပညာပေးရေးအဖွဲ့ MRE သည် ပဋိပက္ခဖြစ်နေသည့် ဒေသအတွင်း နေထိုင်သည့် လူ (၈၂၀၀)ဦးကို အကူအညီများပေးနေခဲ့သည်။[၇၀]

ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာဒေသအတွင်း ကော်သူးလေကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနမှ မိုင်းအန္တရာယ်ပညာပေးရေးအစီအစဉ်ဖြင့် မိုင်းချထားရာနေရာများတွင် သတိပေးသင်္ကေတများ ပြုလုပ်ပေးခဲ့သည်။[၇၁]

---

[၆၉] ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေး လှုပ်ရှားမှုကော်မတီ၏ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စီမံချက်နှင့် နိုင်ငံတကာအကြမ်းမဖက်ရေးလှုပ်ရှားမှုအဖွဲ့၏ "မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းနှင့်ပတ်သက်၍ လေ့လာချက်"၊ ၂၀၀၇ ခုနှစ် မတ်လ။

[၇၀] DanChurchAid အဖွဲ့နှင့် CIDKP အဖွဲ့တို့မှ သတင်းအချက်အလက်များကို အကူအညီပေးခဲ့သည်။ ၂၀၀၇ ခုနှစ် မတ်လ (၇) ရက်နေ့နှင့် (၉) ရက်နေ့များ။

[၇၁] ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ကော်သူးလေးကျန်းမာရေးနှင့် လူမှု ဖူလုံရေးဌာန အုပ်ချုပ်ရေးမှူး စောအာကာလူးရွှေဦး နှင့် ၂၀၀၇ ခုနှစ် မတ်လ ၉ ရက်နေ့တွင်တွေ့ဆုံမေးမြန်းခြင်းမှ။

အစိုးရမဟုတ်သည့် ရှန်တီစီနာ (Shanti Sena)အဖွဲ့သည် မိုင်းအန္တရာယ် ပညာပေးရေး အစီအစဉ်များကို ၂၀၀၆–၂၀၀၇ ခုနှစ်များအထိ ဆက်လက်ကူညီပေးခဲ့သည်။

မိုင်းအန္တရာယ်ပညာပေးရေး လှုပ်ရှားမှုအချို့ကို ယခင်နှစ်များအတိုင်း ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။[၇၂] နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) ၏အဆိုအရ ပြည်တွင်းရှိ မိုင်းအန္တရာယ်ပညာပေး လှုပ်ရှားမှုများ သည် "၂၀၀၆ ခုနှစ်ထဲတွင် အကောင်အထည်ဖော်ရန်" သတ်မှတ်ထားခဲ့သည်။[၇၃]

မြန်မာဒုက္ခသည်များအတွက် မိုင်းအန္တရာယ်ပညာပေးရေးအစီအစဉ်ကို ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် အပြည်ပြည်ဆိုင်ရာ ကူညီထောက်ပံ့ရေး ဆောင်ရွက်မှုများအဖြစ် ဆက်လက် ဆောင်ရွက်နေသည်။[၇၄]

## မြေမြှုပ်မိုင်းဒဏ်ခံခဲ့ရသူများ

၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အနည်းဆုံး လူ (၂၄၃)ဦး မိုင်းအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရာမှာ ၂၀ ဦး သေဆုံးခဲ့၍ ၂၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။[၇၅]

---

[၇၂] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ် အစီရင်ခံစာ။ စာမျက်နှာ ၉၄၁ နှင့် ၉၄၂ တွင်ကြည့်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၄၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာ။ စာမျက်နှာ ၆၈၄ နှင့် ၆၈၅ တွင်ကြည့်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၈၆၃ နှင့် ၈၆၄ တွင်ကြည့်။

[၇၃] နိုင်ငံတကာကြက်ခြေနီအဖွဲ့ ၏ "၂၀၀၆ ခုနှစ် မိုင်းနှင့်ပတ်သက်သော အစီရင်ခံစာ" ဂျီနီဗာ၊ ၂၀၀၇ ခုနှစ် မေလ။ စာမျက်နှာ ၁၄။

[၇၄] ထိုင်းနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းပညာပေးရေးလုပ်ငန်းများ၏ အစီရင်ခံစာကိုကြည့်။

[၇၅] ၂၀၀၆ ခုနှစ်အတွင်း ထိခိုက်ခံရသူ အရေအတွက်စာရင်းများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ်အတွင်း တွေ့ဆုံမေးမြန်းခဲ့မှုများ။ ထိုင်း၊မြန်မာနယ်စပ်အခြေစိုက် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ၂၀၀၆ခုနှစ် မတ်လ ၂၀ ရက်နေ့ အီးမေး။ တာ့(ခ်)ခရိုင် မဲဆောက်မြို့ မယ်တော်ဆေးခန်းမှ ဒေါက်တာ စင်သီယာမောင်ကို ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့က တွေ့ဆုံမေးမြန်းခြင်း။ မယ်တော်ဆေးခန်း၏ ခွဲစိတ်ကုသမှုဆိုင်ရာ စာရင်းဇယားများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပေးပို့ခဲ့သည့်အီးမေးမှ။ မဲဆောက်ဆေးရုံကြီးမှ ဘန်အွန် ဂျန်ယာကန် ကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ၂၀၀၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မေးမြန်းခဲ့ခြင်း။ မယ်ဟောင်ဆောင်မြို့ရှိ စရီဆန်(ဂ်)ဝါး ဆေးရုံမှ လူမှုရေးလုပ်သား သာနိတာ ကုဆာဝါဒီက မှ၂၀၀၇ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ရေးသားခဲ့

၂၀၀၅ ခုနှစ်နှင့် နှိုင်းစာလျှင် ထိခိုက်မှုအနည်းငယ်ပိုသည်။ ( ၂၀၀၅ ခုနှစ်တွင် ၂၃၁ဦး ထိခိုက်ခံရမှုတွင် ၅ ဦးသေဆုံးပြီး ၂၂၅ ဦးဒဏ်ရာရခဲ့သည်။ တဦးအကြောင်းကို ဘာမျှမသိရှိရပေ။)[76] နိုင်ငံအတွင်း စနစ်တကျ အချက်အလက်ကောက်ယူမှုမရှိခြင်းကြောင့်လည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် သတင်းအခြေအနေများ ထိန်ချန်ထားမှုကြောင့်လည်းကောင်း သတင်းအချက်အလက်ရရှိမှုများ အားနည်းနေခြင်း ဖြစ်သည်။

မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ခဲ့သော သတင်းများအရ မိုင်းဒဏ်ခံစားခဲ့ရသူ ၁၁၄ ဦးရှိကြောင်းသိရသည်။ ဆေးရုံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ခိုင်လုံတိကျသည့် သတင်းရပ်ကွက်များ အဆိုအရ ထိခိုက်ခံစားရသူ စုစုပေါင်း ၁၂၉ ဦးရှိကြောင်း သိရသည်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ War Wounded အစီအစဉ်မှ ၂၀၀၆ ခုနှစ်အတွင်း မိုင်းဒဏ်ခံစားခဲ့ရသူ ၈၉ ဦးရှိကြောင်းသိရသည်။ ထိုင်းနိုင်ငံ မဲဆောက်မြို့ မယ်တော်ဆေးခန်းတွင် မိုင်းဒဏ်ခံစားရသူ ၁၇ ဦး၊ မဲဆောက်ဆေးရုံကြီးတွင်၂၀ ဦးနှင့် ဆရီဆန်(ဂ်)ဝါး(လ်) ဆေးရုံတွင် ၃ ဦး ရှိကြောင်းသိရသည်။ ထိုအထဲမှ အများစုသည် သာမန်ပြည်သူများဖြစ်ကြပြီး ၂၂ ဦးသည်သာ စစ်မှုထမ်းများဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၆ ခုနှစ်အတွင်း စုစုပေါင်း ထိခိုက်ခံစားခဲ့သူ ၂၂၃ ဦးထဲတွင် လူသားရှင်း မိုင်းကြောင့် ၁၄ ဦးသေဆုံးပြီး၂၀၉ ဦးဒဏ်ရာရခဲ့သည်။ မြေမြှုပ်မိုင်းကြောင့် လူ ၉ ဦးထိမှန်တွင် ၃ ဦး သေဆုံးပြီး ၆ ဦး ဒဏ်ရာရခဲ့သည်။ လူ ၁၁ ဦးမှာ အမျိုးအမည်မသိသော လက်နက်များကြောင့် ထိခိုက်ခံစားခဲ့ရပြီး ၃ ဦးသေဆုံး၍ ၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင်လည်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှု များ ဆက်လက်ဖြစ်ပွားခဲ့သည်။ မေလ ၅ ရက်နေ့တွင် လူ ၁၇ ဦး မိုင်းဒဏ်ခံရမှုတွင် ၄ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုအထဲမှ ၈

သည့် အီးမေး။ မဲဆောက်မြို့ရှိ IRC ခေါ် နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီကို ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်နေ့က မေးမြန်းခဲ့ခြင်းနှင့် အမေရိကန်နိုင်ငံမှ Clear Path International အဖွဲ့၏ မဲဆောက်ရုံးမှ Imbert Matthee က ရေးသားသည့် အီးမေး။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ဇန်နဝါရီလ ၁ ရက်နေ့များတွင် ပုံနှိပ်ဖော်ပြခဲ့သည့် ဆောင်းပါးများ။

[76] ၂၀၀၆ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ။ စာမျက်နှာ ၈၆၄ တွင်ရှု။

ဦးမှာ ပေါ်တာအဖြစ် အခမ္မခိုင်းစေခံခဲ့ရသူများဖြစ်သည်။[၇၇] ထိခိုက်ခဲ့ရသူထဲမှ တဦးသည် မိုင်းကြောင့်ဒဏ်ရာရပြီးမှ စစ်တပ်၏ ပစ်သတ်မှုကို ခံခဲ့ရသည်။[၇၈]

## အချက်အလက် စုဆောင်းခြင်း

မိုင်းနှင့် ယခင်စစ်အတွင်းကျန်ရှိခဲ့သောမိုင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်နှင့် ပတ်သက်၍ အတိအကျ မသိရှိရပေ။ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုစနစ်ရှိသော်လည်း[၇၉] ကျန်းမာရေးဝန်ကြီးဌာနသည် မိုင်းကြောင့်ထိခိုက်ခံရမှုနှင့် အခြားဒဏ်ရာရရှိမှုတို့ကို ခွဲခြားထားခြင်း မရှိပေ။[၈၀] မြန်မာနိုင်ငံတွင် လူဦးရေစာရင်းကို ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစ၍ အစိုးရတပ်များ၏ ထိုးစစ်ဆင်မှုများကြောင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် မိုင်းဒဏ်ခံရသူများအား အချက်အလက်ကောက်ယူရန် ပို၍ခက်ခဲလာပြီး ဒေသအတွင်း လုံခြုံမှုကင်းမဲ့လာခြင်းကြောင့် ပြည်တွင်းနေရာပြောင်းရွှေ့ခံရမှုများလည်း ပိုမိုများပြားလာသည်။[၈၁] ပြည်တွင်း နေရာပြောင်းရွှေ့ခံခဲ့ရသော ကရင်လူမျိုးများကော်မတီ၊ ကရင်ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ကရင်ပြည်နယ် လက်နက်ကိုင်အဖွဲ့များ

---

[၇၇] ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၅ ရက်နေ့အတွင်း စာနယ်ဇင်းများ၏ သတင်းများကို Landmine Monitor အဖွဲ့က သုံးသပ်ခဲ့ခြင်း။

[၇၈] ဖရီးဘားမား ရိန်ဂျာ အဖွဲ့၏ "ရွာသား ၄ ဦး အသတ်ခံရခြင်း၊ ၃ ဦး အပြင်းအထန် ဒဏ်ရာရခြင်းနှင့် နယကစစ်တပ်၏ ထိုးစစ်ကြောင့် လူ၂၀၀၀ ထွက်ပြေးခဲ့ရသည်"။ ၂၀၀၇ ခုနှစ် ဧပြီလ ၇ ရက်နေ့။

[၇၉] ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ တင်ပြထားသည့် "နိုင်ငံ၏ ကျန်းမာရေးအခြေအနေ မူကြမ်း"။ www.searo.who.int ၂၀၀၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့။

[၈၀] ၂၀၀၅ခု မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာ၊ စာမျက်နှာ ၆၈၅ တွင်ရှု။

[၈၁] ၂၀၀၆ ခုနှစ် ဧပြီလ ၃ ရက်နေ့။ AFP သတင်းဌာန၏ သတင်းတပုဒ်တွင် "မြန်မာပြည်သူများကို အကာအကွယ်ပေးရန် ကုလသမဂ္ဂအဖွဲ့ကြီးသို့ လူ့အခွင့်အရေးအဖွဲ့များက တောင်းဆို"၊ ဘီဘီစီမှ သတင်းထောက် အင်ဒရူး ဟာဒင်၏ "မြန်မာစစ်တပ်မှ အငြိမ်းစားယူသွားသည့် သားကောင်များ" ခေါင်းစဉ်ဖြင့် သတင်းတပုဒ်ကို ၂၀၀၆ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင်ရေးသားခြင်း၊ ၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် အဆိုပါ သတင်းထောက်မှ "မြန်မာစစ်တပ်မှ ၁၀ နှစ်အတွင်း ကရင်များကို အပြင်းအထန် ထိုးစစ်ဆင်ခဲ့ခြင်း"။

ထိန်းချုပ်ရာနယ်မြေအတွင်း သုတေသနပြုချက်အရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ တွင် မိုင်းဒဏ်ခံရသူ ၄၆၄ ဦးရှိခဲ့သည်။[၈၂] နိုင်ငံတကာကြက်ခြေနီအဖွဲ့သည် တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို စာရင်းကောက်ယူခဲ့သော်လည်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိမှု အသေးစိတ်ကိုမူ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပေ။[၈၃] ၂၀၀၆ ခုနှစ် စစ်အစိုးရ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ထုတ်ပြန်ကြေငြာချက် စီမံကိန်းမှတ်တမ်းများတွင် မိုင်းနှင့်ပတ်သက်၍ မည်သည့်အချက်မျှ ပါဝင်ခြင်းမရှိပေ။[၈၄]

## မိုင်းဒဏ်ခံရသူများအတွက် အကူအညီများ

မြန်မာနိုင်ငံအတွင်း အရပ်ဖက်ဆိုင်ရာ ဆေးကုသမှုစနစ်ကို နှစ်ပေါင်းများစွာ လျစ်လျူရှုထားသည့်အတွက် မိုင်းဒဏ်ခံစားရသူများနှင့် ကိုယ်လက်အင်္ဂါချွတ်ယွင်းသူများအား အကူအညီပေးမှုနှင့်ပတ်သက်၍ လုံလောက်မှုမရှိပေ။ မိုင်းဒဏ်ခံရသူများအား ပြန်လည်လေ့ကျင့်ပျိုးထောင်ရေး အထောက်အပံ့များအတွက် ပြည်သူ့ကျန်းမာရေး ဌာနမှလည်း တာဝန်ရှိသည်။[၈၅] ဆေးကုသခွင့်ရရှိရေးသည် မိုင်းဒဏ်ခံရသည့်နေရာပေါ်တွင် မူတည်နေပါသည်။ မိုင်းဒဏ်ခံရသူများအတွက် အထောက်အပံ့များကို ပြည်သူ့ကျန်းမာရေးစနစ်မှလည်းကောင်း၊ တိုက်ပွဲဖြစ်သည့် နယ်မြေအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှလည်းကောင်း ရရှိပါသည်။[၈၆] မြန်မာနိုင်ငံရှိဆေးရုံများကို အဆင့်မြင့်မားအောင်လုပ်ရေးမှာ ကျန်းမာရေးဆိုင်ရာမူဝါဒ၏ တစိတ်တဒေသဖြစ်သင့်သည်။ သို့ရာတွင် အခြေခံလိုအပ်

---

[၈၂] DanChurchAid အဖွဲ့နှင့် CIDKP အဖွဲ့တို့မှ အချက်အလက်များရရှိပါသည်၊ ၂၀၀၇ ခုနှစ် မတ်လ ၇ ရက်နေ့နှင့် မတ်လ ၉ ရက်နေ့။

[၈၃] ICRC ၏ "၂၀၀၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာ"။ ဂျီနီဗာမြို့၊ မေလ။ စာမျက်နှာ ၁၈၇။ ICRC ၏ "၂၀၀၆ ခုနှစ် မိုင်းဆိုင်ရာလှုပ်ရှားမှု အထူးအစီရင်ခံစာ"၊ ဂျီနီဗာမြို့၊ ၂၀၀၇ ခုနှစ် ဧပြီလ၊ စာမျက်နှာ ၁၄။

[၈၄] အမေရိကန်အစိုးရ တာဝန်ခံရုံး၏ " နိုင်ငံတကာအစည်းများအကူအညီပေးရေး အစီအစဉ်၏ မြန်မာနိုင်ငံအတွင်း အခမ္ဗထိန်းချုပ်များ"၊ စာအမှတ် GAO-07-457၊ ၂၀၀၇၊ ဧပြီလ ၆ရက်။

[၈၅] အမေရိကန်နိုင်ငံခြားရေးဌာနရုံး၏ "၂၀၀၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးမှတ်တမ်းများ"၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့၊ ၂၀၀၇ ခုနှစ် မတ်လ ၆ ရက်နေ့။

[၈၆] ၂၀၀၆ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ၊ စာမျက်နှာ ၈၆၆ တွင်ရှု။

ချက်များကို ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်များကြောင့် မဖြည့်ဆည်းနိုင်ဖြစ်နေသည်။ အစိုးရဆေးရုံများတွင် အရည်အသွေးပြည့်မီမှု၊ လုံခြုံစိတ်ချရမှုနှင့် အကျိုးရှိရှိဆောင်ရွက်နိုင်မှုများအပေါ် သီးသန့်ပြဋ္ဌာန်းထားသည့် စည်းကမ်းမရှိပေ။ ထောက်ပံ့မှုဆိုင်ရာပစ္စည်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများလည်း လိုအပ်နေသည်။[၈၇] မြန်မာနိုင်ငံအတွင်း မိုင်းဒဏ်ခံရသူများနှင့် တွေ့ဆုံမေးမြန်းချက်များအရ စစ်သားများသည် အရပ်သားများထက် ပိုမိုကောင်းမွန်စွာ ဆေးကုသခံရကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိပြီးနောက်ပိုင်းတွင်လည်း အလုပ်အကိုင်ရသည့် အခွင့်အရေးတွင် စစ်သားများက သာလွန်ကြောင်း သိရသည်။[၈၈]

၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်အစောပိုင်းကာလများတွင် ပဋိပက္ခဖြစ်နေသော ဒေသများရှိပြည်သူများအား နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ရေးလုပ်ငန်းများအပေါ် စစ်အုပ်စုမှအမျိုးမျိုး နှောက်ယှက် တားဆီးမှုများကြောင့် အကန့်အသတ်ဖြင့်သာ ကူညီပံပိုးနိုင်ခဲ့ကြောင်း သိရသည်။[၈၉]

ကော်သူးလေကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးအဖွဲ့သည် ကရင်ပြည်နယ်အတွင်းနှင့် ကေအန်ယူ ထိန်းချုပ်ရာဒေသများအတွင်း နေထိုင်ကြသည့် ပြည်သူ (၁၀၆၀၀၀)အတွက် ရည်ရွယ်၍ ရွှေ့ပြောင်းဆေးဝါးကုသရေး အဖွဲ့ (၃၃) ဖွဲ့ကို စေလွှတ်ခဲ့သည်။[၉၀]

မိုင်းဝေဒနာရှင်များအတွက် ပြန်လည်လေ့ကျင့်ပျိုးထောင်ပေးရေးနှင့် ခြေတုလက်တု ပြုလုပ်ပေးရေးဌာနများကို အမျိုးသားကျန်းမာရေးဌာနမှ ဖွင့်လှစ်ထားပြီး ထိုအထဲမှ (၇)ခုကို နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ ကူညီပေးခဲ့သည်။[၉၁]

---

[၈၇] WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ “မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ အနှစ်ချုပ်”။ ထို့အတူ www.searo.who.int တွင်ကြည့်ရန်။

[၈၈] အမေရိကန်နိုင်ငံခြားရေးဌာနရုံး၏ “၂၀၀၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့် အရေးမှတ်တမ်းများ”၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့၊ ၂၀၀၇ ခုနှစ် မတ်လ ၆ ရက်နေ့”။

[၈၉] အမေရိကန်နိုင်ငံခြားရေးဌာနရုံး၏ “မြန်မာနိုင်ငံအတွင်း အကူအညီများပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများ” ၂၀၀၇ ခုနှစ် ဧပြီလ ၆ ရက်နေ့။ စာအမှတ် GAO-07-457 တွင်ရှု။

[၉၀] ၂၀၀၇ခုနှစ် မတ်လအတွင်း မြေမြှုပ်မိုင်းဒဏ်ခံခဲ့ရသူများကို လျှို့ဝှက်တွေ့ဆုံမေး မြန်းခြင်း။

[၉၁] နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ကိုယ်ခန္ဓာပြန်လည်လေ့ကျင့်ပျိုးထောင်ပေးရေး အစီအစဉ်၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ။ ဂျီနီဗာမြို့၊ ၂၀၀၇ နှစ် ဧပြီလ၊ စာမျက်နှာအမှတ် ၂၉ တွင်ရှု။ ထို့အတူ ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၊ စာမျက်နှာအမှတ် ၈၆၆ တွင်ရှု။

ကရင်ပြည်နယ် ဂိုးကေား (ဂိုခေး)ရှိ ကရင်အမျိုးသားအစည်းအရုံး ဆေးရုံကလည်း ခြေတုလက်တုများကို ပြုလုပ်ပေးခဲ့သည်။[၆၂]

နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့အား ခွဲစိတ်မှုနှင့် ခြေတုလက်တုပြုလုပ်ရေး အထောက်အကူပြုပစ္စည်း ၆ မျိုးကို လှူဒါန်းခဲ့သည်။ ရှမ်းပြည်နယ် အောင်ပန်းမြို့ရှိ အမှတ် (၂) စစ်ဆေးရုံနှင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အမှတ် (၁) စစ်ဆေးရုံတို့တွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအတွက် ခြေတုလက်တုနှင့် အရိုးဌာနတို့ကို ဖွင့်လှစ်ပေးခဲ့သည်။[၆၃] သို့ရာတွင် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံရှိ နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ နယ်ရုံးခွဲ ၅ ရုံး အပိတ်ခံခဲ့ရသည့်အတွက် ဝန်ထမ်းများအနေဖြင့် နယ်စပ်ဒေသများရှိ ပြည်သူများအတွက် အကူအညီ အထောက်အပံ့ပေးနေသော လုပ်ငန်းအားလုံး ရပ်ဆိုင်းခဲ့ရသည်။[၆၄] ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် မြန်မာစစ်အစိုးရမှ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိ နိုင်ငံတကာကြက်ခြေနီရုံးနှစ်ရုံးကို ထပ်မံပိတ်ပစ်ခဲ့သည်။ ထိုဒေသများသည် မိုင်းအန္တရာယ်အများဆုံးခံရသည့် ဒေသများဖြစ်သည်။[၆၅] နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ ကျန်ရှိနေသော နယ်ရုံးခွဲများကို ဆက်ဖွင့်သင့် မဖွင့်သင့်ကို အသေအချာ စဉ်းစားခဲ့ရသည်။[၆၆] ၂၀၀၇ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင်

---

[၆၂] CIDKP အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် မဲဆောက်မြို့၌ ၂၀၀၇ ခုနှစ် မတ်လ ၉ ရက်နေ့က တွေ့ဆုံမေးမြန်းခဲ့ခြင်း။

[၆၃] CIDKP အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် မဲဆောက်မြို့၌ ၂၀၀၇ ခုနှစ် မတ်လ ၉ ရက်နေ့က တွေ့ဆုံမေးမြန်းခဲ့ခြင်း။ ICRC ခေါ် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာ၊ ဂျီနီဗာမြို့၊ ၂၀၀၇ ခုနှစ် မေလ၊ စာမျက်နှာအမှတ် ၁၈၅ နှင့် စာမျက်နှာ ၁၈၇ နှင့် ၁၈၈။ ဂျပန်နိုင်ငံမှ အကူအညီပေးရေးနှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် “ယိုကို ယိုကိုတိုဘိ” ကို ရန်ကုန်မြို့၌ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်နေ့ တွေ့ဆုံမေးမြန်းခြင်း။

[၆၄] နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ “မြန်မာနိုင်ငံရှိ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ နယ်ရုံးခွဲများကို ပိတ်ပစ်ရန် ဖိအားပေးခဲ့ခြင်း” ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့။

[၆၅] နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ “မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းများ တိုးတက်မှုမရှိခြင်း”၊ ဂျီနီဗာမြို့၊ ရိုက်တာသတင်းဌာနမှ သတင်းတပုဒ်၊ ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်။

[၆၆] နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ “မြန်မာနိုင်ငံ၏ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းများ တိုးတက်မှုမရှိခြင်း၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့ရုံးများ ပိတ်ပင်ခံရခြင်း”၊ ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ စစ်ပွဲကြောင့် ထိခိုက်ခံရသော ဝေဒနာရှင်များအား ထောက်ပံ့ကူညီမှု အစီအစဉ်အားလုံးကို ရပ်ဆိုင်းခဲ့ရသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့သည် ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မိုင်းဒဏ်ခံစားခဲ့ရသူ စုစုပေါင်း (၁၀၆၀၅) ဦးကို အကူအညီများ ပေးနိုင်ခဲ့သည်။[၉၇]

၂၀၀၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံအခြေစိုက် နယ်ခြားမဲ့ဆရာဝန်များအဖွဲ့ (MSF) သည် မြန်မာနိုင်ငံအတွင်း အာဏာပိုင်များ၏ ကန့်သတ်ချုပ်ချယ်မှုများကြောင့် ဆက်လက်မလုပ်လိုတော့ဘဲ ပြန်လည်ထွက်ခွာမည့်အကြောင်း ကြေငြာခဲ့သည်။[၉၈]

မြန်မာနိုင်ငံတွင် စိတ်ဓါတ်ရေးရာလူမှုရေး အထောက်အကူပြု အစီအစဉ်များရှိကြောင်း မကြားသိရပေ။ မသန်မစွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာပေးမှုနှင့်ပတ်သက်သော သင်တန်းအချို့ကို လူမှုဝန်ထမ်း ဝန်ကြီးဌာနမှ ထောက်ပံ့ပေးထားသည်။ ထိုသင်တန်းများကို ရန်ကုန်မြို့ရှိ အရွယ်ရောက် မသန်မစွမ်းသူများကျောင်းတွင် ဖွင့်လှစ်ထားသည်။[၉၉] သို့ရာတွင် မသန်မစွမ်းသူများကျောင်းနှင့် လုပ်ငန်းဆိုင်ရာ အစီအစဉ်များအတွက် အစိုးရထံမှ လုံလောက်သည့် ကူညီထောက်ပံ့မှုများ မရရှိပေ။[၁၀၀]

၂၀၀၆ ခုနှစ်တွင် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ကေအန်ယူဆေးရုံ၊ ကော်သူးလေကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ မြန်မာနိုင်ငံ ခရစ်ယာန်ဘုရားကျောင်းများအသင်း၊ နယ်လှည့်ကြောပိုးအိတ် ဆေးလုပ်သားများအဖွဲ့နှင့် ဖရီးဘား မားရိန်းဂျား စသည့်အဖွဲ့များမှ ကိုယ်ခန္ဓာ ပြန်လည်လေ့ကျင့်ပျိုးထောင်ပေးရေး၊ လူမှုရေးဆိုင်ရာ ငွေကြေးအထောက် အပံ့နှင့် အရေးပေါ်ဆေးဝါးကုသမှုများကိုလည်း

[၉၇] နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ "၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာ၊ ဂျီနီဗာမြို့၊ ၂၀၀၇ ခုနှစ် မေလ။ စာမျက်နှာအမှတ် ၁၈၇။

[၉၈] "အကူအညီပေးရေးအေဂျင်စီ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်း" ရောဝတီမဂ္ဂဇင်း၊ ၂၀၀၆ ခုနှစ်မှ၊ စာမျက်နှာ ၆ တွင်ရှု။

[၉၉] ၂၀၀၆ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ၊ စာမျက်နှာ ၈၆၇ တွင်ရှု။

[၁၀၀] အမေရိကန်နိုင်ငံခြားရေးဌာနရုံး၏ "၂၀၀၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးမှတ်တမ်းများ"၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့၊ ၂၀၀၇ ခုနှစ် မတ်လ ၆ ရက်နေ့"။

ကူညီထောက်ပံ့ခဲ့ပါသည်။ သို့သော်လည်း မိုင်းဝေဒနာရှင်များ အပါအဝင် ကူညီထောက်ပံ့ပေးခံရသူများ၏ အရေအတွက်ကိုမူ မသိရှိရပေ။[၁၀၁]

၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း အာရှ–ပစိဖိတ် ဖွံ့ဖြိုးရေးဌာန (APCD)မှ ထိုင်းနိုင်ငံအတွင်း မသန်စွမ်းသူများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး သင်တန်းများကိုပေးခဲ့ရာတွင် မြန်မာနိုင်ငံမှ ပြန်လည်ပြုစုပျိုးထောင် ရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော အခြေပြုလူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။[၁၀၂]

၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် စုစုပေါင်း လူ ၄၈၆၉ ဦးသည် မသန်မစွမ်းဖြစ်ခဲ့ရပြီး ထိုအထဲမှ ၁၈၁၅ ဦးမှာ မိုင်းဒဏ်ခံခဲ့ရသူများဖြစ်သည်။ ၂၃ ဦးကို အရေးပေါ်ဆေးဝါးကုသမှုပေးခဲ့ရပြီး ၄၁ ဦးကိုတော့ ဆက်လက် ကုသမှုများပြုလုပ်နေရဆဲဖြစ်သည်။ ၁၇၄၈ ဦးသည် ခန္ဓာကိုယ်ပြန်လည် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ လုပ်နေရပြီး ၃ ဦးကိုတော့ လူမှုရေးအထောက်အပံ့များဆက်လက်ပေးနေရဆဲ ဖြစ်ကြောင်းသိရသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ ကူညီထောက်ပံ့ရေးဌာနမှ မသန်မစွမ်းသူ ၄၈၂၆ ဦးအကူအညီပေးခဲ့ပြီး ၆၅ ဦးကို အရေးပေါ်ကုသမှု ပေးခဲ့ရသည် (၆၄ ဦးမှာ မိုင်းဒဏ်ခံစားခဲ့ရသူများဖြစ်သည်)။ ၂၆၃၆ ဦးမှာ ခြေတုလက်တုများရရှိခဲ့ကြသည် (၁၇၄၁ မှာ မိုင်းဝေဒနာရှင်များ ဖြစ်သည်)။ ၁၀၂၈ ဦးမှာ အရိုးကုသမှုများခံယူခဲ့ရပြီး ၇ ဦးသည် မိုင်းဒဏ်ခံစားခဲ့ရသူများဖြစ်သည်။ ၁၀၉၇ ဦးသည် နယ်လှည့်ကူညီရေးအဖွဲ့၏ အစီအစဉ်ဖြင့် ခြေတုလက်တုလုပ်ငန်းများတွင် အလုပ်ရခဲ့သည်။ ဂိုကေးရို ကေအန်ယူဆေးရုံမှ ၁၃ ဦးကို ခြေတုများတပ်ဆင်ပေးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံမှ AAR အဖွဲ့မှလည်း လူ ၃၀

---

[၁၀၁] အချက်အလက်များကို အဆိုပါအဖွဲ့အစည်းများမှ ရရှိခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ၊ စာမျက်နှာအမှတ် ၈၆၆ နှင့် ၈၆၇ တို့တွင်ရှု။

[၁၀၂] APCD အဖွဲ့၏ ကိုယ်ခန္ဓာချို့တဲ့သူများအတွက် မွမ်းမံသင်တန်းပေးခဲ့ခြင်း၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှ ဩဂုတ်လ ၃ ရက်နေ့အတွင်း ထုတ်ဝေခဲ့သည့် သတင်းစဉ် အမှတ် ၁၇။ APCD အဖွဲ့၏ ပြန်လည်လေ့ကျင့် ပြုစုပျိုးထောင်ရေးဆိုင်ရာ အခြေခံမွမ်းမံသင်တန်း တိုးချဲ့ခဲ့ခြင်း (၂၀၀၇ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ)။ ၂၀၀၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရေးသားတင်ပြသည့် www.apcdproject.org တွင်ရှု။ ၂၀၀၇ ခုနှစ် ဇွန်လ ၉ ရက်နေ့။

ကို အသက်မွေးဝမ်းကြောင်း ပညာရပ်သင်တန်းများပေးခဲ့သည်။ (ထိုထဲမှ ၃ ဦးမှာ မိုင်းဒဏ် ခံစားခဲ့ရသူများဖြစ်သည်)။[၁၀၃]

၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှ ဧပြီလ ၁၅ ရက်နေ့အထိ အိန္ဒိယနှင်ဘင်္ဂလာဒေ့ရှ်နိုင်ငံ၏ ဆေးရုံဆေးခန်းများမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိုင်းဒဏ်ခံစားရသူများရှိကြောင်း မကြားသိရချေ။ ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်စခန်းများရှိ ဆေးခန်းများနှင့် နယ်စပ်ဒေသရှိ ဆေးရုံဆေးခန်းများတွင် မိုင်းဒဏ်ခံခဲ့ရသူများအား ဆေးဝါးကုသမှုများရှိခဲ့သည်။ မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီနှင့် မော်(တ်)ဆေးနိုင်ငံတကာ–ဂျာမဏီအဖွဲ့နှင့် အခြားအကူအညီပေးရေးအဖွဲ့များသည် ပဋိပက္ခဖြစ်ပွားရာဒေသများမှ နယ်စပ်ဒေသသို့ရောက်ရှိလာသည့် ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်အကူအညီများ ပေးခဲ့ကြသည်။ မဲဆောက်မြို့၊ မယ်တော်ဆေးခန်းမှလည်း ခြေတုလက်တုနှင့် ပြန်လည်လေ့ကျင့်ပျိုးထောင်ရေးဆိုင်ရာ ကုသမှုများကို ပြုလုပ်ပေးနေပြီး ဒုက္ခသည်စခန်းများတွင် နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့မှ ကြီးကြပ်၍ ခြေတုလက်တုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ပေးခဲ့သည်။[၁၀၄]

မြန်မာနိုင်ငံတွင် မသန်မစွမ်းသူနှင့်သက်ဆိုင်သော ဥပဒေမရှိပါ။ ၂၀၀၃ ခုနှစ်အတွင်းတွင် လူမှုဝန်ထမ်း ဝန်ကြီးဌာနသို့ ကိုယ်ခန္ဓာမသန်မစွမ်းဖြစ်နေသူများကို အကာအကွယ်ပေးရန် ဥပဒေကြမ်း တရပ်ကိုတင်ပြခဲ့သည်။ ထိုအချိန်မှစ၍ ထိုဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်ဆဲဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင်ပြုလုပ်သော ကုလသမဂ္ဂညီလာခံတွင် မသန်မစွမ်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံ၏ ငါးနှစ် ကျန်းမာရေးစီမံကိန်း (၂၀၀၇–၂၀၁၁)တွင် မိုင်းဒဏ်ခံရသူများအပါအဝင် မသန်မစွမ်း ဖြစ်နေသူများအတွက် အကာအကွယ်

---

[၁၀၃] နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ်အစီရင်စာ။ ဂျီနီဗာမြို့၊ ၂၀၀၇ ခုနှစ် မေလ။ စာမျက်နှာ ၁၈၅၊ ၁၈၇နှင့် ၁၈၈ တို့တွင်ရှု။ CIDKP ၏ အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် မဲဆောက်မြို့တွင် တွေ့ဆုံမေးမြန်းခဲ့ခြင်း။ ၂၀၀၇ ခုနှစ် မတ်လ ၉ ရက်နေ့။ ဂျပန်နိုင်ငံမှ AAR အဖွဲ့မှ "ယူကို ယိုကိုတိုဘီ" နှင့် ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်နေ့က ရန်ကုန်မြို့တွင် တွေ့ဆုံမေးမြန်းခဲ့ခြင်း။

[၁၀၄] ယခုနှစ်မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအစီရင်ခံစာ၊ ထိုင်းနိုင်ငံ အခန်းတွင်ရှု။

ပေးရေးများ ပါဝင်သည်။ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့် ပတ်သက်ဆက်နွှယ်နေသည့် အပိုင်းများများကို အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု သိရသည်။[၁၀၅] သို့ရာတွင် ယခင်လုပ်ဆောင်ခဲ့မှုများနှင့်ပတ်သက်၍ အောင်မြင်မှုရှိ၊ မရှိ ပြန်လည်သုံးသပ်မှုများ မရှိပေသည်။[၁၀၆]

*ထိုင်းနိုင်ငံရောက် မြန်မာဒုက္ခသည်များအတွက်အကူအညီ*

မြန်မာနိုင်ငံမှ မိုင်းဝေဒနာရှင်များအနေဖြင့် ထိုင်းနယ်စပ် ဒုက္ခသည်စခန်းများမှ ဆေးခန်းများနှင့် တပ်၊ ချင်းမိုင်၊ မယ်ဟောင်ဆောင်၊ ကန်ချနဘူရီ၊ ရာချာဘူရီခရိုင်များမှ အစိုးရဆေးရုံများတွင် ဆေးကုသမှုရရှိကြသည်။ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်နလန်ထူရေး အစီအစဉ်ကို မဲဆောက် အထွေထွေဆေးရုံ၊ မယ်တော်ဆေးခန်းနှင့် နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့မှ ဖွင့်လှစ်ထားသော အလုပ်ရုံများ၌ ရရှိနိုင်သည်။

၂၀၀၆ ခုနှစ်အတွင်း အနည်းဆုံး မြန်မာနိုင်ငံသား အသန်မစွမ်း ၁၇၄၇ ဦး အကူအညီများ ရရှိခဲ့သည်။ ၁၀၆ ဦးမှာ အရေးပေါ်ဆေးကုသမှု၊ ၁၄၆ ဦးမှာ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်နလန်ထူရေးနှင့် ၁၃ ဦးမှာ ဘဝရပ်တည်ရေး စီးပွါးရေး နည်းပညာ အကူအညီများ ရရှိသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ၅၃ ဦးကို ဆေးကုသမှုပေးခဲ့သည့်အထဲ ၄၂ ဦးမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၁၀၇] မယ်တော်ဆေးခန်းမှ ၁၇ ဦးကို အရေးပေါ်ကုသမှုပေးခဲ့သည်။ ၁၇၅ ဦးကို ရုပ်ပိုင်းဆိုင်ရာနလန်ထူအောင် ပြုစုပေးခဲ့ရာ ထိုအထဲမှ ၁၄၆ ဦးမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၁၀၈] မဲဆောက်ဆေးရုံမှ ၁၈ ဦးကို အရေးပေါ်ကုသမှုနှင့် ရုပ်

---

[၁၀၅] မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးကော်မတီ "ကျန်းမာရေးလုပ်ငန်းများ၏ အစီအစဉ်နှင့် ဥပဒေ"၊ စာမျက်နှာအမှတ် ၁၄ တွင်ရှု။

[၁၀၆] "မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ချက်အကျဉ်း"၊ www.searo.who.int မှ ၂၀၀၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တင်ပြခဲ့ခြင်းဖြစ်သည်။

[၁၀၇] အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ဘန်ကောက်ကိုယ်စားလှယ်အဖွဲ့မှ မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ထံပေးပို့သော အချက်အလက်များနှင်စာ၊ မတ်လ ၂၇၊ ၂၀၀၆ ခုနှစ်။

[၁၀၈] မယ်တော်ဆေးခန်း ခြေတုလက်တု ဌာနနှင့် တွေ့ဆုံမေးမြန်းချက်၊ မတ်လ ၉ရက်၊ ၂၀၀၆ခု။ မတ်လ ၁၅ ရက်၊ ၂၀၀၆ ခုတွင်ပေးပို့သော အီးမေး။

ပိုင်းဆိုင်ရာ နလန်းထူအောင် ပြုစုပေးခဲ့သည်။[၁၀၉] ဆရီဆွန်ဗယ် ဆေးရုံကလည်း သုံးဦးကို အရေးပေါ်ဆေးကုသမှုနှင့် ရုပ်ပိုင်းဆိုင်ရာ နလန်ထူလာအောင် အကူအညီပေးခဲ့ရသည်။[၁၁၀] နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့က မသန်မစွမ်းသူ ၁၁၉၄ ဦးကို ကူညီခဲ့ပြီး၊ မသန်မစွမ်းအကောက်အကူပစ္စည်း ၂၂၃ ခုလည်း ဖြန့်ဝေခဲ့သည် (အသက်ရှင်ကျန်ရစ်သူဦးရေ မသိရပါ)။[၁၁၁] ကဲရားဗီလာအဖွဲ့မှတဆင့် ကရင်မသန်မစွမ်းသူများ လူမှုရေးအသင်းကလည်း ၁၆ဦးကို သက်မွေးဝမ်းကြောင်း သင်တန်းများ ပို့ချခဲ့ရာ ၁၃ ဦးမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၁၁၂] ရှမ်းကျန်းမာရေးကော်မတီကလည်း အရေအတွက် အတိအကျမပြောနိုင်သော မြန်မာနိုင်ငံသား မိုင်းဝေဒနာရှင်တချို့ကို ကူညီပေးခဲ့သည်။

နယ်စပ်ကျော်ဖြတ်ရောက်လာသော စစ်ပွဲဒဏ်ရာရသူများကို တပ်ခရိုင်၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ အရေးပေါ်ကုသမှုပေးပြီး လိုအပ်သော ကုသရေးဌာနများသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ ထိုဆေးခန်းမှ မြန်မာနိုင်ငံအတွင်း ပါထိုက်နှင့် မယ်လ ဖိုးထ နယ်များတွင် လှည့်လည်နေသော ဆေးအဖွဲ့များကိုလည်း စေလွှတ်ခဲ့သည်။[၁၁၃] စစ်ပွဲများကြောင့် ထိုလုပ်ဆောင်ချက်များကို ၂၀၀၆ ခုနှစ် အလယ်ပိုင်းလောက်တွင် ရပ်ဆိုင်းထားခဲ့ရသည်။ နယ်စပ်တလျှောက်မှဆေးမှူးများကို မယ်တောည်ဆေးခန်းက နှစ်စဉ်လေ့ကျင့် ပျိုးထောင်ပေးလေ့ရှိသည်။ ၂၀၀၆ ခုနှစ်အတွင်း လူသစ် ၅ ယောက်နှင့် ၂၀၀၇ ခုနှစ် အစောပိုင်းတွင် လူသစ် လေးယောက် ပါဝင်သည်။ ခြေတုလက်တု သင်တန်းများ

[၁၀၉] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ မဲဆောက်ဆေးရုံမှ သူနာပြု ဘန်းအွန်–ဂျန်ရာကန် ၏ပြောကြားချက်၊ မတ်လ ၂၇၊ ၂၀၀၇။

[၁၁၀] မယ်ဟောင်ဆောင် ဆရီဆွန်ဗယ်ဆေးရုံမှ လူမှုရေးလုပ်သား သန်နီတာ–ကူဆဝါဒီ ၏ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထဲ ပြောကြားချက်၊ မတ်လ ၂၁၊ ၂၀၀၇။

[၁၁၁] နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့မှ မာဂါလီ–အော်တစ်က မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပြောကြားချက်၊ မတ်လ ၂၀၊ ၂၀၀၇။ နိုင်ငံတကာ မသန်မစွမ်းသူများအဖွဲ့မှ ထုတ်ပြန်သော ထိုင်းနိုင်ငံ ဆီဆခက်နှင့် ရချာသာနီ ခရိုင်များမှ မိုင်းဝေဒနာရှင်များအတွင် အကူအညီ ဆိုင်ရာ အစီရင်ခံစာ၊ မတ်လ ၁၅၊ ၂၀၀၇။

[၁၁၂] ကရင်ပြည်တွင်းဒုက္ခသည်များအဖွဲ့ အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် တယ်လီဖုန်းမှ မေးမြန်းချက်၊ ဘန်ကောက်၊ မတ်လ ၄ရက်၊ ၂၀၀၇။

[၁၁၃] မယ်တော်ဆေးခန်း၊ Overview, www.maetaoclinic.org, ဇွန် ၁၄၊ ၂၀၀၇ ကြည့်ရှုချက်။

အတွက် ခြေတုလက်တု ဌာနက Clear Path International အဖွဲ့မှ အကူအညီများ ရရှိသည်။

ကရင်မသန်မစွမ်းလူမှုရေးအဖွဲ့က မသန်မစွမ်းများ နေထိုင်နိုင်သည့် အဆောင်တခုကို မယ်လ ဒုက္ခသည်စခန်းတွင် ကဲရားဗီလာ အမည်ဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၆ခုနှစ်တွင် ထိုအဆောင်တွင် နေထိုင်သူ ၁၆ ဦးအနက် ၁၃ ဦးမှာ မိုင်းဝေဒနာရှင်များဖြစ်ပြီး အင်္ဂလိပ်စာသင်တန်း အပါအဝင် သက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိခဲ့သည်။[၁၁၄]

မိုင်းဝေဒနာရှင်များအတွက် ဆေးခန်းနှစ်ခုကို ဖန်းမြို့နယ်တွင် ရှမ်းကျန်းမာရေးကော်မတီက ဖွင့်လှစ်ထားသည်။ ခြေတုလက်တု ဆေးခန်းကိုမူ မိုင်းဝေဒနာရှင်များကပင် စီမံခန့်ခွဲနေသည်။

တပ်ခရိုင် မဲဆောက်မြို့ဆေးရုံ၊ မယ်ဟောင်ဆောင်ခရိုင် မူဝယ်မြို့နယ် ဆရီဆွန်ဗယ်ဆေးရုံ၊ ပရာကျွတ်ခရီကန်မှ ခရိုင်ဆေးရုံးများသည် ခြေတုလက်တု တပ်ဆင်ပေးခြင်းများ ဆက်လက်လုပ်ဆောင်နေပြီး မြန်မာနိုင်ငံသား မိုင်းဝေဒနာရှင်များကိုလည်း ဆေးကုသမှုများ ပေးလျက်ရှိသည်။[၁၁၅]

နယ်လှည့်ကျန်းမာရေးလုပ်သားများအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင်းတော်လှန်ရေးအဖွဲ့များထိမ်းချုပ်ရာ (မွန်၊ ကရင်၊ ကရင်နီ၊ ရှမ်း)နယ်များတွင် အရေးပေါ်ဆေးကုသမှုများ၊ ကျန်းမာရေးပညာပေးမှုများ၊ ခြေတုလက်တု အကူအညီများ လုပ်ပေးလျှက်ရှိသည်။ တချို့မှာ အပြည်ပြည်ဆိုင်ရာ ဒုက္ခသည် ကယ်ဆယ်ရေးအဖွဲ့မှ ဆေးသင်တန်းများ ရရှိသည်။[၁၁၆]

---

[၁၁၄] ကရင်ပြည်တွင်းဒုက္ခသည်များအဖွဲ့ အထွေထွေအတွင်းရေးမှူး စောလှဟင်နရီနှင့် တယ်လီဖုန်းမှ မေးမြန်းချက်၊ မေလ ၄ရက်၊ ၂၀၀၇။

[၁၁၅] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ၊ မဲဆောက်ဆေးရုံမှ သူနာပြု ဘန်းအွန်–ဂျန်ယာကန်၊ မတ်လ ၂၇၊ ၂၀၀၇ တွင် တုန့်ပြန်ချက်။ ဆရီဆွန်ဗယ် ဆေးရုံမှ လူမှုရေးလုပ်သား သန်နီတာ–ကူဆဝါဒီ တုန့်ပြန်ချက်၊ မတ်လ ၂၀၊ ၂၀၀၇။ ပရာကျွတ် ကီရီကန်ဆေးရုံ၊ ပရာကျွတ်ကီရီကန်၊ မတ်လ ၂၀၊ ၂၀၀၇။

[၁၁၆] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၅ အစီရင်ခံစာ စာမျက်နှာ ၆၈၆နှင့် ၂၀၀၆ အစီရင်စာ စာမျက်နှာ ၇၂၅ တို့တွင်ရှု။

စစ်ပွဲထိခိုက်မှုများအတွက် ကူညီပေးနေသော ICRC ၏ အကူ အညီများထဲတွင် ကနဦးဆေးရုံတင်စရိတ်နှင့် နောက်ထပ်ပြောင်းလဲကုသမည့် ဌာနများသို့ လွှဲပြောင်းစရိတ်များ ပါဝင်သည်။[၁၁၇]

ဂျာမနီမှ မယ်တီဆာ အင်တာနေရှင်နယ်အဖွဲ့အနေဖြင့် အရေးပေါ် အထောက်အပံ့၊ လူထုနှင့် နေအိမ် ကျန်းမာရေး စောင့်ရှောက်မှုများကို ထိုင်းမြန်မာ နယ်စပ် ဒုက္ခသည် စခန်းများတွင် ပြုလုပ်ပေးနေသည်။[၁၁၈]

ICRC ရုံးခန်း ၅ ခုအပိတ်ခံခဲ့ရကြောင်း ကမ္ဘာလုံးဆိုင်ရာ ၂၀၀၇ မြေမြှုပ်မိုင်း အစီရင်ခံစာတွင် မှားယွင်းဖေါ်ပြခဲ့သည်။ ICRC မှ ၂၀၀၇ တွင် ကူညီပေးခဲ့သောမသန်မစွမ်းဦးရေမှာ အစီရင်ခံစာတွင် ဖေါ်ပြသကဲ့သို့ ၄၈၂၆ မဟုတ်ပဲ ၆၀၉၉ ဖြစ်သည်။ အချက်အလက်တိကျအောင် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ကျိုးစားလုပ်ဆောင်သည့်ကြားမှ ထိုမှားယွင်းမှုများအတွက် ဝမ်းနည်းကြောင်း ဖေါ်ပြပါသည်။

မျက်နှာဖုံးဓါတ်ပုံအတွက် မြန်မာစစ်တပ်မှ တပ်ကြပ်ဟောင်းတဦးက မြေမြှုပ်မိုင်းလေ့လာ စောင့်ကြည့်ရေးအဖွဲ့ ကို ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် မြေမြှုပ်မိုင်းနင်းမိပြီး ခြေနှစ်ဖက်စလုံးပြတ်သွားသော ဗုဒ္ဓဘာသာ ဖုန်းတော်ကြီး။

[၁၁၇] ICRC ဘန်ကောက်ရုံးခွဲမှ မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးပို့သောစာနှင့် အချက်အလက်များ၊ မတ်လ ၂၇၊ ၂၀၀၇။
[၁၁၈] ရှုရီရာ–ချွန်ဟန်ချွတ် ထံမှ အီးမေး၊ ဇွန် ၁၁၊ ၂၀၀၇။